# ၂၀၂၀–၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်
# အရအသုံးခန့်မှန်းခြေ

# 2020
# 2021

# ငွေစာရင်းဆိုင်ရာ
# အချက်အလက်များ
# CITIZEN'S BUDGET



Design:Nyo Ko Naing (Katha)

၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်

# အရအသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာအချက်အလက်များစာစောင်

(Citizen's Budget)

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ

Budget is not buffet

It's taxpayers' money

Let's use it effectively

# ဥယျောဇဉ်

၁။ ပြည်ထောင်စုအစိုးရအနေဖြင့် ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့်အတူ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ၂၂-၆-၂၀၂၀ ရက်နေ့တွင် ကျင်းပသည့် ဘဏ္ဍာရေးကော်မရှင် အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၀) ဖြင့် အတည်ပြုခဲ့ပြီး ၁၃-၇-၂၀၂၀ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းခဲ့ပါသည်။ ၎င်းကိုပြည်ထောင်စုလွှတ်တော်က ၂၆-၈-၂၀၂၀ ရက်နေ့တွင် အတည်ပြုပြီးနောက် ၂၈-၈-၂၀၂၀ရက်နေ့တွင် နိုင်ငံတော်သမ္မတကလက်မှတ်ရေးထိုး၍ ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။

၂။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းကို ရေးဆွဲရာတွင် COVID-19 ကပ်ရောဂါကြောင့် ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံ၏စီးပွားရေးကို ထိခိုက်မှုရှိသဖြင့် ပုံမှန်ကောက်ခံရရှိသည့် အခွန်အခများနှင့် အခြားရငွေများ လျော့နည်းနိုင်ပြီး တစ်ဖက်မှာလည်း အသုံးစရိတ်များကို ပိုမိုသုံးစွဲရခြင်းကြောင့် ယခုနှစ်တွင်လည်း ယခင်နှစ်နည်းတူ လိုငွေနှင့်ဂျီဒီပီအချိုးကို ၅ ရာခိုင်နှုန်း အထက်ကျော်လွန်ရေးဆွဲခဲ့ပါသည်။ COVID-19 စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (CERP)၊ ပန်းတိုင်(၇)အရ နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်ဖြင့် အရေးပေါ်ရန်ပုံငွေကို ယခင်နှစ်က ကျပ် ၅၀ ဘီလီယံ လျာထားခဲ့ရာမှ ယခုနှစ်တွင် ကျပ် ၁၀၀ ဘီလီယံသို့ တိုးမြှင့်လျာထားပေးခဲ့ပါသည်။ ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေအတွက် နိုင်ငံတော်က မတည်ငွေ ကျပ် ၁၀၀ ဘီလီယံကို လျာထားပေးခဲ့ပြီး မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေအရ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာရန်ပုံငွေအတွက် နိုင်ငံတော်က မတည်ငွေကျပ် ၃ ဘီလီယံကို လျာထားပေးခဲ့ပါသည်။ ထို့ပြင် နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းများအနက် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေး ကဏ္ဍ၊ လမ်း၊တံတားကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လူမှုကာကွယ်စောင့်ရှောက်ရေး ကဏ္ဍများ၏ အသုံးစရိတ်များကို ပိုမိုခွဲဝေလျာထားပေးခဲ့ပါသည်။

၃။ အရအသုံးခန့်မှန်းခြေငွေစာရင်းများကို အမှန်အကောင်အထည်ဖော်မှုနှင့်နီးစပ်အောင် ခန့်မှန်းရေးဆွဲထားသဖြင့် ဌာန၊ အဖွဲ့အစည်းများရှိ ပြည်သူ့ဘဏ္ဍာငွေများကို စီမံခန့်ခွဲသူများအနေဖြင့် ခွင့်ပြုထားသော ဘဏ္ဍာငွေများကို အကျိုးရှိရှိ၊ ထိထိ ရောက်ရောက် လျာထားချက်ပြည့်မီအောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း ဘဏ္ဍာရေးစည်းမျဉ်းများ၊ ဘဏ္ဍာရေးဆိုင်ရာ ညွှန်ကြားချက်များ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်ပြီးစီးမှုများကို ဌာနတွင်း စာရင်းစစ်များနှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးတို့၏ စစ်ဆေးမှုကို စနစ်တကျ ခံယူကြရပါမည်။

၄။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒအရလည်းကောင်း၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(MSDP)ပါ လုပ်ငန်းစဉ်များအရ လည်းကောင်း ဘတ်ဂျက်ပွင့်လင်းမြင်သာမှုကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်နှင့်အညီ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကိုအခြေခံ၍ ပြည်ထောင်စု၏ဘတ်ဂျက်ဆိုင်ရာ အချက်အလက်များကို ပြည်သူများသိရှိနိုင်ရန် အလို့ငှာ ဤ Citizen's Budget စာစောင်ကို ထုတ်ဝေလိုက်ပါသည်။

စိုးဝင်း

ပြည်ထောင်စုဝန်ကြီး

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

# မာတိကာ

စာမျက်နှာ

BUDGET IS NOT BUFFET

ဥယျာဇဉ်

မာတိကာ က-ဃ

Citizen's Budget ဆိုတာဘာလဲ ၁

အပိုင်း(၁) ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် စီးပွားရေးနှင့်ဘဏ္ဍာရေးကောက်နုတ်ချက် ၂

၁။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ စီးပွားရေးအခြေအနေခန့်မှန်းချက် အကျဉ်းချုပ် ၂

၂။ ၂၀၁၁-၂၀၁၂ခု၊ ဘဏ္ဍာရေးနှစ် မှ ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် အထိ ပြည်ထောင်စု၏ရငွေ၊ သုံးငွေများ ၃

၃။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အထိ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ၄

၄။ ၂၀၁၅-၂၀၁၆ခု၊ ဘဏ္ဍာရေးနှစ် မှ ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် အထိ ပြည်ထောင်စု၏ရငွေ၊ သုံးငွေ၊ လိုငွေ၊ အခွန်နှင့်GDP အချိုးများနှင့် စီးပွားရေး တိုးတက်မှုနှုန်း ၄

၅။ မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေ ရှေ့အလားအလာများ ၅

၆။ ဘဏ္ဍာရေးမူဝါဒ ၆

၇။ မှတ်ချက် ဘတ်ဂျက်တင်နည်း ကာတွန်း ၇

၈။ ဘတ်ဂျက်ရေးဆွဲခြင်းနှင့်ဥပဒေပြဋ္ဌာန်းခြင်းအစီအစဉ် ၈

၉။ နိုင်ငံတကာတွင်ဘတ်ဂျက်ပွင့်လင်းမြင်သာမှုကိုတိုင်းတာသည့်ဘတ်ဂျက်ဆိုင်ရာ စာစောင် (၈) စောင် ၉

၁၀။ မြန်မာ့ဘတ်ဂျက်ပွင့်လင်းမြင်သာမှု ၉

အပိုင်း(၂) ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း ၁၀

၁။ ပြည်ထောင်စုနှင့်တိုင်းဒေသကြီး/ ပြည်နယ်များ၏အရအသုံးခန့်မှန်းခြေငွေစာရင်း ၁၀

၂။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏သာမန်၊ငွေလုံးငွေရင်းနှင့်ကြွေးမြီ ရငွေများခန့်မှန်းချက် ၁၁

၃။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဌာန၊ အဖွဲ့အစည်းများ အလိုက် ရငွေ၊ သုံးငွေ အခြေအနေ ၁၂-၁၃

၄။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဌာန၊ အဖွဲ့အစည်းများ အလိုက် သာမန်၊ ငွေလုံးငွေရင်းနှင့် ကြွေးမြီ ရငွေအခြေအနေ ၁၄-၁၅

# မာတိကာ

စာမျက်နှာ


၅။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ရငွေရရှိမှုရာခိုင်နှုန်း ၁၆
၆။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏စုစုပေါင်းရငွေတွင်ပါဝင်မှုရာခိုင်နှုန်း ၁၆
၇။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ကောက်ခံရရှိမည့် အခွန်ရငွေ အပေါ်အခွန်အမျိုးအစားအလိုက် ပါဝင်မှုရာခိုင်နှုန်း ၁၇
၈။ ပြည်ထောင်စု၏ကောက်ခံရရှိမည့်အခွန်လေးမျိုးအား၂၀၁၉-၂၀၂၀ ခု၊ဘဏ္ဍာရေးနှစ် နှင့် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တို့၏ မူလခန့်မှန်းခြေနှိုင်းယှဉ်ပြပုံ ၁၇
၉။ ပြည်ထောင်စု၏ကောက်ခံရရှိမည့်အခွန်အကောက်ရငွေခန့်မှန်းချက် ၂၀၁၉-၂၀၂၀ခု၊ဘဏ္ဍာရေးနှစ်နှင့်၂၀၂၀-၂၀၂၁ခု၊ဘဏ္ဍာရေးနှစ်တို့၏မူလခန့်မှန်းခြေ နှိုင်းယှဉ်ပြဇယား ၁၈
၁၀။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏သာမန်၊ငွေလုံးငွေရင်းနှင့်ကြွေးမြီ သုံးငွေများခန့်မှန်းချက် ၁၉
၁၁။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ စုစုပေါင်း အသုံးစရိတ်တွင် ဌာန အဖွဲ့အစည်းအုပ်စုအလိုက် ပါဝင်မှုရာခိုင်နှုန်း ၂၀
၁၂။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏စုစုပေါင်းအသုံးစရိတ်တွင်ပါဝင်မှု ရာခိုင်နှုန်း ၂၀
၁၃။ ဘတ်ဂျက်ကာတွန်း ၂၁
၁၄။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဌာန၊ အဖွဲ့အစည်းများ အလိုက် သာမန်၊ ငွေလုံးငွေရင်းနှင့် ကြွေးမြီ အသုံးစရိတ် အခြေအနေ ၂၂-၂၃
၁၅။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ပအကူအညီရငွေနှင့် ပြည်ပချေးယူရငွေစာရင်း တို့ဖြင့်ဆက်နွယ်ထားသည့်လုပ်ငန်း အသုံးစရိတ်များ ၂၄

**အပိုင်း(၃) နိုင်ငံတော်၏ကြွေးမြီအခြေအနေ ၂၅**

၁။ ပြည်တွင်းပြည်ပကြွေးမြီအခြေအနေ ၂၅
၂။ ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် လိုငွေဖြည့်ဆည်းရန်အတွက်လျာထားချက် ၂၅
၃။ လိုငွေဖြည့်ဆည်းခြင်း(Financing) ၂၆

**အပိုင်း(၄) ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် အသုံးစရိတ် ကောက်နုတ်ချက်များ ၂၇**

၁။ ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် ပညာရေးအသုံးစရိတ်မှ ကောက်နုတ်ချက် ၂၇-၂၉
၂။ ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် ကျန်းမာရေးအသုံးစရိတ်မှ ကောက်နုတ်ချက် ၃၀-၃၁
၃။ ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန အသုံးစရိတ်မှ ကောက်နုတ်ချက် ၃၂-၃၅

# မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| ၄။ | လူမှုရေးပင်စင်ကာတွန်း | ၃၆ |
| ၅။ | ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အသုံးစရိတ်မှ ကျား၊မတန်းတူညီမျှမှုကို အားပေးသည့် အသုံးစရိတ်ကောက်နုတ်ချက် **(Gender Informed Budgeting for Social Sector)** | ၃၇-၄၂ |
| ၆။ | ပြည်ထောင်စု၏ စုစုပေါင်းအသုံးစရိတ်တွင် ပညာရေး၊ ကျန်းမာရေးနှင့် အားကစား၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့၏ အသုံးစရိတ်များ ပါဝင်မှုရာခိုင်နှုန်း | ၄၂ |
| ၇။ | ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် မသန်းစွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ ရန်ပုံငွေအတွက် နိုင်ငံတော်က မတည်ငွေ | ၄၃ |
| ၈။ | ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေအတွက် နိုင်ငံတော်က မတည်ငွေ | ၄၃ |
| ၉။ | ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသုံးစရိတ်မှ ကောက်နုတ်ချက် | ၄၄ |
| ၁၀။ | လျှပ်စစ်ကဏ္ဍ၊ မြန်မာတစ်နိုင်ငံလုံးတွင်မီးလင်းပြီးနှင့် မီးလင်းရန်ကျန်ရှိအခြေအနေ | ၄၅ |
| **အပိုင်း(၅)** | **မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ** | **၄၅** |
| ၁။ | ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်အတွက်ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍဆိုင်ရာ အချက်အလက်များ | ၄၅ |
| ၂။ | သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုပမာဏ နှစ်အလိုက်ခန့်မှန်းခြေ | ၄၆ |
| ၃။ | ရေနံစိမ်းနှင့် လေဆီထုတ်လုပ်မှုပမာဏ နှစ်အလိုက်ခန့်မှန်းခြေ | ၄၆ |
| ၄။ | ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍမှနိုင်ငံတော်အနေဖြင့် ရရှိမည့်ရငွေခန့်မှန်းထားမှု အခြေအနေ | ၄၇ |
| ၅။ | ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍမှ နိုင်ငံတော်အနေဖြင့်နှစ်အလိုက်ရရှိမည့်ရငွေ | ၄၇ |
| ၆။ | နိုင်ငံတကာဈေးနှုန်း ခန့်မှန်းမှုများအရ နှစ်အလိုက် ရေနံစိမ်စည် ဈေးနှုန်းနှင့် သဘာဝဓာတ်ငွေ့ဈေးနှုန်း | ၄၇ |
| ၇။ | ပြည်ထောင်စု၏ စုစုပေါင်းသာမန်ရငွေတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၏ ရငွေပါဝင်မှုရာခိုင်နှုန်း | ၄၈ |
| ၈။ | မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရငွေနှင့်သုံးငွေ အခြေအနေ | ၄၈ |

## မာတိကာ

စာမျက်နှာ


| | | |
|---|---|---|
| **အပိုင်း(၆)** | **၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ** | **၄၉** |
| ၁။ | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏အသုံးစရိတ်တွင်ပါဝင်သည့်ရာခိုင်နှုန်း | ၄၉ |
| ၂။ | ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ နိုင်ငံပိုင်ဘဏ်များနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့၏ အရအသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာအချက်အလက်များ | ၄၉ |
| ၃။ | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ နိုင်ငံပိုင်ဘဏ်များနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့၏ ဘဏ္ဍာရေးနှစ်အလိုက် အခွန်နှင့် ထည့်ဝင်ငွေအခြေအနေ | ၅၀ |
| ၄။ | ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် တွင်းထွက် သယံဇာတ အရင်းအမြစ်တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများနှင့် ပတ်သက်သည့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေ၊သုံးငွေခန့်မှန်းခြေ | ၅၀ |
| ၅။ | နိုင်ငံတော်သို့ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်၊ ဝင်ငွေခွန်နှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေ ခန့်မှန်းခြေများ | ၅၀ |
| ၆။ | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ငွေကြေးစီမံခန့်ခွဲမှုအစီအစဉ် | ၅၁ |
| ၇။ | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ၃၀-၉-၂၀၁၉ရက်နေ့ရှိUFA-OAလက်ကျန်စာရင်းများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းသို့ ပြောင်းရွှေ့ညှိနှိုင်းပုံ | ၅၁ |
| ၈။ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းသို့ ပြောင်းရွှေ့ညှိနှိုင်းပြီးသည့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့စည်းများ၏ (UFA-OA) လက်ကျန်စာရင်း | ၅၂ |
| **အပိုင်း(၇)** | **၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး/ ပြည်နယ်များ၏အရအသုံးခန့်မှန်းခြေငွေစာရင်း** | **၅၃** |
| ၁။ | တိုင်းဒေသကြီး/ ပြည်နယ်များ၏အရအသုံးခန့်မှန်းချက် | ၅၃ |
| ၂။ | ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး/ပြည်နယ်များ၏ရငွေ (ပြည်ထောင်စုမှလိုငွေဖြည့်ဆည်းပေးပြီး) အခြေအနေ | ၅၄ |
| ၃။ | ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး/ပြည်နယ်များ၏ (ပြည်ထောင်စုမှ လိုငွေဖြည့်ဆည်းမပေးမီ) သာမန်၊ ငွေလုံးငွေရင်းနှင့် ကြွေးမြီရငွေ အခြေအနေ | ၅၅ |
| ၄။ | ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်တိုင်းဒေသကြီး/ပြည်နယ်များ၏သာမန်၊ငွေလုံးငွေရင်းနှင့် ကြွေးမြီအသုံးစရိတ် အခြေအနေ | ၅၆ |
| ၅။ | တိုင်းဒေသကြီး/ပြည်နယ်များ၏ လူမှုစီးပွားအခြေအနေ | ၅၇ |
| ၆။ | ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး/ ပြည်နယ်များသို့ လိုငွေဖြည့်ဆည်းထောက်ပံ့ခြင်း | ၅၈ |

**တာဝန်ယူမှု၊ တာဝန်ခံမှု ကာတွန်း** ၅၉

**ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍စုံစမ်းနိုင်သည့်ဖုန်းနံပါတ်များ** ၆၀

# Citizen's Budget

# 2020 - 2021

## Citizen's Budget ဆိုတာဘာလဲ...

***Citizen's Budget*** ဆိုသည်မှာ နိုင်ငံတော်၏ မေခရိုစီးပွားရေးအခြေအနေ၊ ဘဏ္ဍာရေးမူဝါဒ၊ ဘဏ္ဍာရေးနှစ်အလိုက် ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေ၊ အခွန်အကောက်ရငွေ၊ စုစုပေါင်းရငွေ/အသုံးစရိတ်၊ ဘတ်ဂျက်လိုငွေ၊ ပြည်ပအကူအညီရငွေနှင့် ချေးငွေအခြေအနေ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး၊ ကျား၊ မ တန်းတူညီမျှမှု အသုံးစရိတ်များနှင့် လျှပ်စစ်ကဏ္ဍ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍကောက်နုတ်ချက်များ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေကြေးစီမံခန့်ခွဲမှုအစီအစဉ်များ၊ တိုင်းဒေသကြီး နှင့် ပြည်နယ်ဘတ်ဂျက် စသည်တို့ကို ရှင်းလင်းလွယ်ကူစွာ သိမြင်နိုင်စေရန် အနှစ်ချုပ်ပြုစုတင်ပြသည့် စာစောင်ဖြစ်ပါသည်။




Cartoon : Nyo Ko Naing ( Katha )

# အပိုင်း(၁)

# ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် စီးပွားရေးနှင့် ဘဏ္ဍာရေးကောက်နုတ်ချက်

## ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ စီးပွားရေးအခြေအနေခန့်မှန်းချက် အကျဉ်းချုပ်

- စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (GDP) — **ကျပ် ၁၂၅,၈၀၃.၅၈၃ ဘီလီယံ**
- စီးပွားရေးတိုးတက်မှုနှုန်း — **၆.၀၀%**
- ပြည်ထောင်စု၏စုစုပေါင်းရငွေ — **ကျပ် ၂၇,၄၇၁.၁၅၃ ဘီလီယံ**
- ပြည်ထောင်စု၏စုစုပေါင်းအသုံးစရိတ် — **ကျပ် ၃၄,၁၃၀.၉၀၁ ဘီလီယံ**
- ပြည်ထောင်စု၏စုစုပေါင်းလိုငွေ — **ကျပ် ၆,၆၅၉.၇၄၈ ဘီလီယံ**
- လိုငွေနှင့် ဂျီဒီပီအချိုး — **၅.၂၉%**
- ပြည်ထောင်စု၏စုစုပေါင်းအခွန်အကောက်ရငွေ — **ကျပ် ၈,၆၁၅.၇၇၇ ဘီလီယံ**
- အခွန်အကောက်ရငွေနှင့်ဂျီဒီပီအချိုး — **၆.၈၅ %**
- ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ လိုငွေဖြည့်ဆည်းခြင်း — **ကျပ် ၂,၃၈၀.၈၄၃ ဘီလီယံ**
- ပြည်ပပို့ကုန်တန်ဖိုးခန့်မှန်းချက် — **အမေရိကန်ဒေါ်လာ ၁၆,၂၀၀သန်း**
- ပြည်ပသွင်းကုန်တန်ဖိုးခန့်မှန်းချက် — **အမေရိကန်ဒေါ်လာ ၁၈,၅၀၀သန်း**
- ကုန်သွယ်မှုလိုငွေ ခန့်မှန်းချက် — **အမေရိကန်ဒေါ်လာ ၂,၃၀၀သန်း**
- နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း — **၉.၇၃%**
- ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း — **၆.၁၀%**
- ဘတ်ဂျက်ရေးဆွဲရာ၌ အမေရိကန်ဒေါ်လာ **တစ်ဒေါ်လာ**၏ ငွေကြေးလဲလှယ်နှုန်း — **၁,၅၂၀ ကျပ်**
- နှစ်အလိုက်ဈေးနှုန်းအရစုစုပေါင်းစားသုံးမှုတန်ဖိုး — **ကျပ် ၉၀,၂၈၂.၄ ဘီလီယံ** ဖြစ်ပေါ်စေရန်။
- လူတစ်ဦးစီ၏ပျမ်းမျှထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP)နှစ်အလိုက်ဈေးနှုန်းအရ — **ကျပ် ၂,၂၈၄,၉၇၀ သို့** ဖြစ်ပေါ်လာရန်။

## ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အထိ

## ပြည်ထောင်စု၏ ရငွေ၊ သုံးငွေများ

(ကျပ်သန်းပေါင်း)

| စဉ် | ဘဏ္ဍာရေးနှစ် | ရငွေ | သုံးငွေ | ပိုငွေ (+)/ လိုငွေ (-) | လိုငွေနှင့် ဂျီဒီပီအချိုး |
|---|---|---|---|---|---|
| ၁ | ၂၀၁၁-၂၀၁၂ (ရွှေ့ပြေးအမှန်) | ၆,၅၀၄,၇၀၈.၆၆၆ | ၈,၂၁၂,၄၇၇.၆၄၈ | -၁,၇၀၇,၇၆၈.၉၈၂ | ၃.၆၆% |
| ၂ | ၂၀၁၂-၂၀၁၃ (ရွှေ့ပြေးအမှန်) | ၁၃,၁၉၇,၂၃၂.၀၄၅ | ၁၃,၆၃၀,၀၀၃.၆၁၇ | -၄၃၂,၇၇၁.၅၇၂ | ၀.၈၅% |
| ၃ | ၂၀၁၃-၂၀၁၄ (ရွှေ့ပြေးအမှန်) | ၁၄,၁၅၅,၄၆၇.၅၁၀ | ၁၄,၉၁၀,၆၈၁.၃၄၀ | -၇၅၅,၂၁၃.၈၃၀ | ၁.၂၇% |
| ၄ | ၂၀၁၄-၂၀၁၅ (ရွှေ့ပြေးအမှန်) | ၁၆,၈၃၁,၂၄၄.၂၇၁ | ၁၇,၆၁၃,၃၇၃.၆၇၄ | -၇၈၂,၁၂၉.၄၀၃ | ၁.၁၈% |
| ၅ | ၂၀၁၅-၂၀၁၆ (ရွှေ့ပြေးအမှန်) | ၁၆,၆၅၁,၃၄၄.၅၀၀ | ၁၉,၆၅၆,၃၈၇.၀၅၈ | -၃,၀၀၅,၀၄၂.၅၅၈ | ၄.၁၀% |
| ၆ | ၂၀၁၆-၂၀၁၇ (ရွှေ့ပြေးအမှန်) | ၁၆,၉၉၀,၀၀၇.၅၉၀ | ၁၈,၈၈၂,၆၄၄.၁၈၃ | -၁,၈၉၂,၆၃၆.၅၉၃ | ၂.၃၃% |
| ၇ | ၂၀၁၇-၂၀၁၈ (ရွှေ့ပြေးအမှန်) | ၁၇,၇၈၁,၈၁၉.၁၇၅ | ၂၀,၁၇၆,၅၄၁.၅၆၄ | -၂,၃၉၄,၇၂၂.၃၈၉ | ၂.၆၅% |
| ၈ | ၂၀၁၈ (၆)လ (ရွှေ့ပြေးအမှန်) | ၉,၁၇၃,၆၈၇.၄၀၆ | ၉,၅၆၆,၆၃၉.၆၆၂ | -၃၉၂,၉၅၂.၂၅၆ | ၁.၂၀% |
| ၉ | ၂၀၁၈-၂၀၁၉ (ရွှေ့ပြေးအမှန်) | ၂၁,၅၄၄,၅၃၀.၇၆၀ | ၂၄,၇၄၅,၁၃၄.၁၉၀ | -၃,၂၀၀,၆၀၃.၄၃၀ | ၃.၀၄% |
| ၁၀ | ၂၀၁၉-၂၀၂၀ (ပြုပြင်ပြီးခန့်မှန်းခြေ) | ၂၇,၂၂၂,၈၀၉.၃၀၀ | ၃၃,၇၁၈,၆၅၁.၉၂၄ | -၆,၄၉၅,၈၄၂.၆၂၄ | ၅.၄၆% |
| ၁၁ | ၂၀၂၀-၂၀၂၁ (မူလခန့်မှန်းခြေ) | ၂၇,၄၇၁,၁၅၂.၆၄၀ | ၃၄,၁၃၀,၉၀၀.၂၀၀ | -၆,၆၅၉,၇၄၇.၅၆၀ | ၅.၂၉% |

## ၂၀၁၅- ၂၀၁၆ဘဏ္ဍာနှစ်မှ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ်အထိ
## စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)

| အကြောင်းအရာ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် | ၂၀၁၈ (၆) လ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (ရှေ့ပြေးအမှန်) | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နှစ်ကုန် ခန့်မှန်းခြေ) | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (နှစ်စဉ်စီမံကိန်း) |
|---|---|---|---|---|---|---|---|
| **နှစ်အလိုက်ဈေးနှုန်းအရ** | | | | | | | |
| တန်ဖိုး (ကျပ်သန်းပေါင်း) | ၇၂,၇၁၄,၀၂၁.၂ | ၇၉,၇၆၀,၀၉၆.၅ | ၉၀,၄၅၀,၉၄၉.၁ | ၃၂,၅၂၂,၈၁၈.၁ | ၁၀၅,၂၅၈,၅၀၀.၈ | ၁၁၄,၄၂၆,၃၆၃.၁ | ၁၂၅,၈၀၃,၅၈၃.၃ |
| **ပုံမှန်ဈေးနှုန်းအရ** | | | | | | | |
| တန်ဖိုး (ကျပ်သန်းပေါင်း) | ၅၆,၄၇၆,၂၂၅.၁ | ၅၉,၇၈၇,၁၂၈.၅ | ၆၃,၈၂၇,၉၁၈.၆ | ၂၃,၀၅၁,၅၉၀.၃ | ၈၉,၁၄၇,၃၄၁.၄ | ၉၃,၀၀၂,၆၅၅.၁ | ၉၈,၆၁၀,၃၂၈.၇ |
| **တိုးတက်မှုနှုန်း (ရာခိုင်နှုန်း)** | **၇.၀ %** | **၅.၉ %** | **၆.၈ %** | **၆.၅ %** | **၆.၈ %** | **၄.၃ %** | **၆.၀%** |

## ၂၀၁၅- ၂၀၁၆ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်အထိ
## ပြည်ထောင်စု၏ ရငွေ၊ သုံးငွေ၊ လိုငွေ၊ အခွန်နှင့် GDP အချိုးများနှင့် စီးပွားရေးတိုးတက်မှုနှုန်း



## မြန်မာနိုင်ငံ၏စီးပွားရေးအခြေအနေနှင့် ရှေ့အလားအလာများ

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအတွက် စီမံကိန်းရည်မှန်းချက်တွင် စုစုပေါင်း ပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၁၂၅,၈၀၃,၅၈၃.၃ သန်း ရရှိရန်နှင့် စီးပွားရေးတိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ ၆.၀ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းထားပါသည်။ ကဏ္ဍကြီးများအလိုက် စီးပွားရေးတိုးတက်မှုကို လယ်ယာကဏ္ဍကြီးတွင် ၂.၆ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၆.၅ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၇.၄ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။

လယ်ယာကဏ္ဍကြီးတွင် သီးနှံအထွက်တိုးစေရန်အတွက် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်မည့် သင့်တော်သော ဈေးကွက်ဝင် အထွက်ကောင်းသီးနှံမျိုး ရွေးချယ်စိုက်ပျိုးခြင်း၊ စိုက်ပျိုးနည်း စနစ်အသစ်များ ဖော်ထုတ်စိုက်ပျိုးခြင်း၊ ရေဘေးကြောင့် သီးနှံအထွက် ထိခိုက်မှုလျော့နည်းစေရန် ဆောင်ရွက်ပေးခြင်းတို့ဖြင့် အထွက်နှုန်းတိုးရန် ဆောင်ရွက်ခြင်း၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း ထုတ်လုပ်မှု တိုးတက်စေရေးအတွက် တိရစ္ဆာန်ရောဂါ ကာကွယ်ခြင်း၊ တစ်နိုင်တစ်ပိုင် မွေးမြူရာမှ စီးပွားဖြစ် မွေးမြူလာရေး ဆောင်ရွက်ရန် မျှော်မှန်းထားပါသည်။

စက်မှုကဏ္ဍတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့များကို စမ်းသပ်၊ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်း၊ တန်ဖိုးကြီး ကျောက်မျက်များအပြင် သဲ၊ ကျောက်စရစ်၊ ကျောက်မာ၊ ဂဝံကျောက်နှင့် လမ်းခင်း ကျောက်များကိုလည်း ဈေးကွက်လိုအပ်ချက်နှင့်အညီထုတ်လုပ်ရန်၊ COVID-19ကြောင့် အနည်းနှင့်အများထိခိုက်ခဲ့သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်စေခြင်း၊ လမ်းများ အဆင့်မြှင့် တင်ခြင်း၊ တံတားများ ဆောက်လုပ်ခြင်းနှင့် ရေအားလျှပ်စစ် စီမံကိန်းတို့ကို ဆောင်ရွက်ရန်လျာထားပါသည်။

ဝန်ဆောင်မှု ကဏ္ဍကြီးအနေဖြင့် ပြည်တွင်းပြည်ပခရီးသွားလာရေး လုပ်ငန်းများ၌ ပုံမှန်ခရီးသည် ယာဉ်လိုင်းများအပြင် အစုအဖွဲ့နှင့် စင်းလုံးငှားစနစ် အသုံးပြုလာခြင်း၊ ပြည်သူများ၏ လိုအပ်ချက်အရ ဆက်သွယ်ရေးကွန်ရက် အသုံးပြုမှုပိုမိုများပြားလာခြင်း၊ ငွေရေးကြေးရေးနှင့် ဘဏ္ဍာရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ငွေကြေးနှင့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း၊ ပြည်ပပို့ကုန်တင်ပို့မှု တိုးတက်လာခြင်း၊ ပုဂ္ဂလိက ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများ ပိုမိုဝန်ဆောင်မှု ပေးနိုင်ခြင်း၊ အိမ်ခြံမြေနှင့် အခြားငှားရမ်းခမှ ဝင်ငွေများ ပိုမိုရရှိရန် ရည်မှန်းထားပါသည်။

COVID-19 အလွန်ကာလတွင်ပြည်တွင်းပြည်ပ ခရီးသွားလာမှုကြောင့် ပို့ဆောင်ရေးဝန်ဆောင်မှု မြင့်တက်စေရန်၊ ငွေပေးငွေယူလုပ်ငန်းများတွင် မိုဘိုင်းဖုန်းဖြင့် ငွေပေးချေမှုစနစ် အပါအဝင် ဆက်သွယ်ရေးကွန်ယက် အသုံးပြုမှု မြင့်တက်စေရန်နှင့် COVID-19 စီးပွားရေးကုစားမှု အစီအစဥ်မှ ငွေကြေး တိုးတက်သုံးစွဲရန် ရည်မှန်းထားခြင်းတို့ကြောင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စီးပွားရေး တိုးတက်မှုကို ၆.၀ ရာခိုင်နှုန်းတိုးတက်မည်ဟုမျှော်မှန်းထားပါသည်။ ထို့အပြင် COVID-19 စီးပွားရေး ကုစားမှုအစီအစဥ်မှ ရေတို၊ ရေရှည်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်ရန် လျာထားပါသည်။

## ဘဏ္ဍာရေးမူဝါဒ

### အခွန်မူဝါဒ

- အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်ရန်၊
- ရသင့်ရထိုက်သည့် အခွန်အကောက်များကို ဥပဒေနှင့်အညီ အပြည့်အဝကောက်ခံရရှိရေး ICT နည်းပညာများ တိုးချဲ့အသုံးပြု၍ ကြိုးပမ်းဆောင်ရွက်ရန်၊
- အခွန်ရုံးက စည်းကြပ်သည့်စနစ် (Official Assessment System-OAS)မှ အခွန်ထမ်းကိုယ်တိုင် အခွန်ကျသင့်မှုကို စည်းကြပ်ခံယူသည့်စနစ် (Self-Assessment System-SAS)သို့ ကူးပြောင်းဆောင်ရွက်မှုများဆက်လက်အကောင်အထည်ဖော်ရန်၊
- ဈေးကွက်စီးပွားရေးစနစ်ကို အထောက်အကူဖြစ်စေပြီး နိုင်ငံတကာစံနှုန်းများနှင့်လျော်ညီသော အခွန်စနစ်ဖြစ်ထွန်းပေါ်ပေါက်စေရန်၊
- အမျိုးသားအကျိုးစီးပွား ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စုဆောင်းမှုတို့ကို အခွန်အကောက်စနစ်ဖြင့် ထိန်းညှိပေးရန်၊
- တစ်မျိုးသားလုံး၏ ကျန်းမာရေး၊ ကြံ့ခိုင်ရေးနှင့် အကျင့်စာရိတ္တမြင့်မားရေးတို့အတွက် အခွန်အကောက်စနစ်ဖြင့် ထိန်းကျောင်းပေးရန်၊
- သဘာဝပတ်ဝန်းကျင်နှင့် တွင်းထွက်သယံဇာတများ ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် အခွန်အကောက်စနစ်ဖြင့် ထိန်းကျောင်းပေးရန်၊
- COVID-19ကာလ၊ COVID-19 အလွန်ကာလတို့တွင် နိုင်ငံတော်ကချမှတ်ထားသောစီးပွားရေးကုစားမှုအစီအစဉ်၊ စီးပွားရေး ပြန်လည်ထူထောင်မှုအစီအစဉ်တို့နှင့်အညီအခွန်အကောက်ရငွေများကိုရည်မှန်းထားသည့်အတိုင်းကောက်ခံဆောင်ရွက်ရန်။

### အသုံးစရိတ်မူဝါဒ

- ပြည်သူလူထုအတွက် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးအသုံးစရိတ်များကို ဆက်လက် မြှင့်တင်သုံးစွဲရန်၊
- အလုပ်အကိုင် အခွင့်အလမ်းမြင့်မားပြီး စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုစေသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို အထောက်အကူပြုစေမည့်အသုံးစရိတ်များကို ဦးစားပေးရန်၊
- လျှပ်စစ်မီး၊ လမ်းတံတား၊ သောက်သုံးရေနှင့် စိုက်ပျိုးရေလုံလောက်စွာရရှိရေးတို့အပါအဝင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် တိုးမြှင့်သုံးစွဲရန်၊
- ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒနှင့်အညီ ပြည်ပချေးယူရငွေများရယူသုံးစွဲရာတွင် ကုန်ကျစရိတ်နှင့် အကျိုးအမြတ်ကို သေချာစွာ စိစစ်ပြီးမှသာ ရယူသုံးစွဲရန်နှင့် ပြည်ပအကူအညီရငွေများကို သုံးစွဲရာတွင် ပြည်သူအတွက် အမှန်တကယ်အကျိုးရှိ ထိရောက်သော အသုံးစရိတ် ဖြစ်စေရန်၊
- ဖွဲ့စည်းပုံနှင့်ဝန်ထမ်းခန့်အပ်မှုများကိုစနစ်တကျစိစစ်ခွင့်ပြုရန်၊
- ဌာနသုံးမော်တော်ယာဉ်များထက် လုပ်ငန်းသုံးမော်တော်ယာဉ်များကိုသာ ဦးစားပေးဝယ်ယူရန်၊
- ရုံးဌာနများ၊ ဝန်ထမ်းနေအိမ်များဆောက်လုပ်ခြင်း၊ မွမ်းမံခြင်းများထက် ပြည်သူတိုက်ရိုက် အကျိုးပြုလုပ်ငန်းများသို့ ဦးစားပေး သုံးစွဲရန်၊
- COVID-19 ကာလ၊ COVID-19 အလွန်ကာလတို့တွင် နိုင်ငံတော်က ချမှတ်ထားသော စီးပွားရေးကုစားမှုအစီအစဉ်၊ စီးပွားရေး ပြန်လည်ထူထောင်မှု အစီအစဉ်တို့နှင့်အညီ ဦးစားပေးအသုံးစရိတ်များ သုံးစွဲရန်။


ဘဲဥ
ငါးကျုံး ကျပ် ၅၀၀၀..
ကန်စွန်းရွက်သုံးစည်း
၂၄၀၀ ကျပ်..ဆားတစ်
ထုပ် ၇၅၀ ကျပ်
အမဲသား
တစ်ပိဿာ ၅၆၀၀၀
ကျပ်..အချိုမှုန့်တစ်
ထုပ်ကျပ် ၁၀၀၀၀...
ဟာ.ဟာ
မိန်းမရေ..
မင်းရဲ့ဈေးနှုန်း
တွေကလည်းမ
တရား..
အောက်မှာ
မှတ်ချက်ပါ
တယ်လေ
မှတ်ချက်...
ဘတ်ဂျက်တင်နည်း
အတိုင်းပြထား
သည်..

## ဘတ်ဂျက်ရေးဆွဲခြင်းနှင့်ဥပဒေပြဋ္ဌာန်းခြင်းအစီအစဉ်

| စဉ် | အကြောင်းအရာ | အချိန်ဇယား |
|---|---|---|
| ၁ | စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနကဘတ်ဂျက်အမှာစာထုတ်ပြန်ခြင်း | မတ်လဒုတိယပတ် |
| ၂ | ဌာနများကဘတ်ဂျက်များနောက်ဆုံးထားပေးပို့ရမည့်ရက် | ဧပြီလတတိယပတ် |
| ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ငွေတိုက်ဦးစီးဌာန၊ စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၊ဆောက်လုပ်ရေးလုပ်ငန်းစိစစ်ညှိနှိုင်းရေးကော်မတီ (ငွေလုံးငွေရင်း)တို့ကစိစစ်ခြင်း | ဧပြီလတတိယပတ်မှ မေလဒုတိယပတ်ထိ |
| ၄ | စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဌာန၊ အဖွဲ့အစည်းများနှင့် ဘတ်ဂျက်အစည်းအဝေးပြုလုပ်ခြင်းနှင့် စိစစ်ပြီးစာရင်းများကို ဌာန၊ အဖွဲ့အစည်းများက ပြန်လည်ပေးပို့ခြင်း | မေလဒုတိယပတ်မှ မေလစတုတ္ထပတ်ထိ |
| ၅ | ဒုတိယသမ္မတများက စိစစ်ခြင်းနှင့် စိစစ်ပြီးစာရင်းများကို ဌာန၊ အဖွဲ့အစည်းများက ပြန်လည်ပေးပို့ခြင်း | ဇွန်လဒုတိယပတ် |
| ၆ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနကစုစည်းပေါင်းချုပ်ခြင်း | ဇွန်လဒုတိယပတ် |
| ၇ | စီးပွားရေးရာကော်မတီသို့တင်ပြခြင်း | ဇွန်လတတိယပတ် |
| ၈ | ဘဏ္ဍာရေးကော်မရှင်အစည်းအဝေးသို့တင်ပြခြင်း | ဇွန်လတတိယပတ် |
| ၉ | ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့တင်ပြခြင်း | ဇွန်လစတုတ္ထပတ် |
| ၁၀ | ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဌာနများသို့ ဘတ်ဂျက်စာအုပ် ၆၇၅စုံ တောင်းခံခြင်းနှင့် ဌာနများကပြန်လည်ပေးပို့ခြင်း | ဇွန်လစတုတ္ထပတ် |
| ၁၁ | ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စုလွှတ်တော်ရုံးသို့ပေးပို့ခြင်း | ဇူလိုင်လပထမပတ် |
| ၁၂ | ပြည်ထောင်စုအစိုးရအဖွဲ့ ကိုယ်စား စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက နှစ်စဉ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းခြင်း | ဇူလိုင်လ၁၅ရက်နေ့ မတိုင်မီ |
| ၁၃ | ပြည်ထောင်စုလွှတ်တော်ကအတည်ပြုခြင်း | စက်တင်ဘာလမကုန်မီ |
| ၁၄ | ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကိုနိုင်ငံတော်သမ္မတကလက်မှတ်ရေးထိုးခြင်း | စက်တင်ဘာလမကုန်မီ |

ယေဘုယျဖော်ပြခြင်းသာဖြစ်ပါသည်။ အခြေအနေပေါ်မူတည်ပြီး အပြောင်းအလဲဖြစ်နိုင်ပါသည်။

## နိုင်ငံတကာတွင်ဘတ်ဂျက်ပွင့်လင်းမြင်သာမှုကိုတိုင်းတာသည့် ဘတ်ဂျက်ဆိုင်ရာစာစောင်(၈)စောင်

| | | |
|---|---|---|
| ၁။ | ဘတ်ဂျက်မရေးဆွဲမီဖော်ပြချက် | (Pre-Budget Statement) |
| ၂။ | အစိုးရအဖွဲ့မှတင်ပြသည့်အဆိုပြုလွှာ | (Executive's Budget Proposal) |
| ၃။ | ဥပဒေပြဋ္ဌာန်းသည့်ဘတ်ဂျက် | (Enacted Budget) |
| ၄။ | နိုင်ငံသားများအတွက်ဘတ်ဂျက် | (Citizen's Budget) |
| ၅။ | နှစ်အတွင်းအစီရင်ခံစာ | (In-Year Report) |
| ၆။ | နှစ်လယ်သုံးသပ်ချက်အစီရင်ခံစာ | (Mid-Year Reviews) |
| ၇။ | နှစ်ပတ်လည်အစီရင်ခံစာ | (Year End Report) |
| ၈။ | စာရင်းစစ်အစီရင်ခံစာ | (Audit Report) |

## မြန်မာ့ဘတ်ဂျက်ပွင့်လင်းမြင်သာမှု

၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန အနေဖြင့်ဖော်ပြပါ**စာစောင်(၈)မျိုး**အနက် အမှတ်စဉ် (၁၊၂၊၃၊၄၊၅၊၆၊၇) စုစုပေါင်း**(၇)မျိုး**ကို ဘတ်ဂျက်ပွင့်လင်းမြင်သာမှုဆိုင်ရာ ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် ဝန်ကြီးဌာန၏အင်တာနက်စာမျက်နှာမှတစ်ဆင့် ထုတ်ပြန်၍လည်းကောင်း၊ စာစောင်များပုံနှိပ်၍လည်းကောင်း ပြည်သူလူထုထံ **ထုတ်ပြန်နိုင်ခဲ့ပါသည်**။ ယခု ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်တွင် ယခင်နှစ်များထက်ပိုမို၍ ဘတ်ဂျက်ပွင့်လင်းမြင်သာမှုကို ကြိုးပမ်းထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။



# အပိုင်း(၂)

# ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း

## ပြည်ထောင်စုနှင့်တိုင်းဒေသကြီး/ ပြည်နယ်များ၏အရအသုံးခန့်မှန်းခြေငွေစာရင်း

(ကျပ်ဘီလီယံ)

| အကြောင်းအရာ | ပြည်ထောင်စု | တိုင်းဒေသကြီး/ပြည်နယ် |
|---|---|---|
| **ရငွေ** | **၂၇,၄၇၁.၁၅၃** | ***၃,၈၁၈.၈၈၅** |
| သာမန် | ၂၂,၅၁၁.၀၃၃ | ၃,၃၆၀.၀၉၅ |
| ငွေလုံးငွေရင်း | ၆၄၅.၃၃၇ | ၄၇.၆၁၀ |
| ကြွေးမြီ | ၄,၃၁၄.၇၈၃ | ၄၁၁.၁၈၀ |
| **အသုံးစရိတ်** | ****၃၄,၁၃၀.၉၀၁** | **၃,၈၁၈.၀၇၅** |
| သာမန် | ၂၅,၅၅၄.၁၇၀ | ၁,၀၆၁.၅၅၀ |
| ငွေလုံးငွေရင်း | ၇,၃၉၆.၇၈၇ | ၂,၇၅၆.၅၂၅ |
| ကြွေးမြီ | ၁,၁၇၉.၉၄၄ | - |
| **ပိုငွေ(+)/လိုငွေ(-)** | **-၆,၆၅၉.၇၄၈** | ***** + ၀.၈၁၀** |
| ဂျီဒီပီတန်ဖိုး | | **၁၂၅,၈၀၃.၅၈၃** |
| လိုငွေနှင့်ဂျီဒီပီအချိုး | | **၅.၂၉%** |

*တိုင်းဒေသကြီး/ပြည်နယ် ရငွေတွင် ပြည်ထောင်စုမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ လိုငွေဖြည့်ဆည်းပေးခြင်းနှင့် ထောက်ပံ့ပေးခြင်းအတွက် **ကျပ်၂,၃၈၀.၈၄၃ဘီလီယံ** ပါဝင်ပါသည်။

**ပြည်ထောင်စု၏အသုံးစရိတ်တွင် တိုင်းဒေသကြီး/ပြည်နယ်များသို့ လိုငွေဖြည့်ဆည်းပေးခြင်းနှင့် ထောက်ပံ့ပေးခြင်းများအတွက် **ကျပ် ၂,၃၈၀.၈၄၃ ဘီလီယံ** ပါဝင်ပါသည်။

*** ပိုငွေ **ကျပ် ၀.၈၁၀ ဘီလီယံ** ဖြစ်ပေါ်နေရခြင်းမှာ ကယားပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ကယား ပြည်နယ်လွှတ်တော်သို့ တင်ပြရာတွင် ပြည်နယ်လွှတ်တော်မှ ငွေလုံးငွေရင်း အသုံးစရိတ် **ကျပ် ၀.၈၁၀ ဘီလီယံ** အား လျှော့၍ ခွင့်ပြုခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

## ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ သာမန်၊ ငွေလုံးငွေရင်း နှင့် ကြွေးမြီ ရငွေများခန့်မှန်းချက်

| စဉ် | | အကြောင်းအရာ | ရငွေ (ကျပ်သန်း) | စုစုပေါင်း ရငွေတွင် ပါဝင်မှု ရာခိုင်နှုန်း | ဂျီဒီပီတွင် ပါဝင်မှု ရာခိုင်နှုန်း |
|---|---|---|---|---|---|
| **၁** | | **သာမန်ရငွေ** | **၂၂,၅၁၁,၀၃၃.၀၈၃** | **၈၁.၉၄%** | **၁၇.၈၉%** |
| | ၁ | အခွန်အကောက်ရငွေ | ၈,၆၁၅,၇၇၇.၂၂၉ | ၃၁.၃၆% | ၆.၈၅% |
| | ၂ | အခြားသာမန်ရငွေ* | ၈၈၅,၀၆၉.၉၂၈ | ၃.၂၂% | ၀.၇၀% |
| | ၃ | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ (နိုင်ငံတော်ထည့်ဝင်ငွေ) | ၁,၄၁၄,၅၉၅.၄၄၀ | ၅.၁၅% | ၁.၁၂% |
| | ၄ | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေ (ဘဏ္ဍာရန်ပုံငွေအတွင်း) | ၇,၉၄၅,၆၄၃.၀၂၀ | ၂၈.၉၂% | ၆.၃၂% |
| | ၅ | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေ (ဘဏ္ဍာရန်ပုံငွေပြင်ပ) | ၂,၄၃၉,၄၂၆.၁၆၁ | ၈.၈၈% | ၁.၉၄% |
| | ၆ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၈၁၅,၉၆၉.၀၅၂ | ၂.၉၇% | ၀.၆၅% |
| | ၇ | အတိုးရငွေ | ၆၇,၆၅၆.၅၂၇ | ၀.၂၅% | ၀.၀၅% |
| | ၈ | ထောက်ပံ့ငွေရငွေ | ၁၀၉,၄၅၆.၅၇၉ | ၀.၄၀% | ၀.၀၉% |
| | ၉ | ပြည်ပအကူအညီရငွေ (သာမန်) | ၂၁၇,၄၃၉.၁၄၇ | ၀.၇၉% | ၀.၁၇% |
| **၂** | | **ငွေလုံးငွေရင်းရငွေ** | **၆၄၅,၃၃၆.၉၆၁** | **၂.၃၅%** | **၀.၅၁%** |
| | ၁ | ငွေလုံးငွေရင်းရငွေ | ၁,၇၀၀.၄၀၀ | ၀.၀၁% | ၀.၀၀% |
| | ၂ | ပြည်ပအကူအညီရငွေ (ငွေလုံးငွေရင်း) | ၆၄၃,၆၃၆.၅၆၁ | ၂.၃၄% | ၀.၅၁% |
| **၃** | | **ကြွေးမြီရငွေ** | **၄,၃၁၄,၇၈၂.၅၉၆** | **၁၅.၇၁%** | **၃.၄၃%** |
| | ၁ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ၃၅၄,၂၈၄.၃၀၈ | ၁.၂၉% | ၀.၂၈% |
| | ၂ | ချေးယူရငွေ | ၃,၉၁၆,၂၇၆.၉၉၄ | ၁၄.၂၆% | ၃.၁၁% |
| | ၃ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | ၄၄,၂၂၁.၂၉၄ | ၀.၁၆% | ၀.၀၄% |
| | | **စုစုပေါင်း (၁+၂+၃)** | **၂၇,၄၇၁,၁၅၂.၆၄၀** | **၁၀၀.၀၀%** | **၂၁.၈၄%** |

*အခြားသာမန်ရငွေများတွင် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၏အခြားသာမန်ရငွေနှင့် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၊ နေပြည်တော်ကောင်စီနှင့်နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့၏ အခွန်အကောက်ရငွေနှင့် အခြားသာမန်ရငွေများပါဝင်ပါသည်။ အခြားသာမန်ရငွေဆိုသည်မှာ ပစ္စည်းများရောင်းချခြင်းနှင့်ဆောင်ရွက်ပေးမှုအတွက် ရငွေများ၊ ဒဏ်ငွေများနှင့်အခြားရငွေများ ဖြစ်သည်။

# ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဌာန၊ အဖွဲ့အစည်းများအလိုက် ရငွေ၊ သုံးငွေ အခြေအနေ

(ကျပ်သန်းပေါင်း)

| စဉ် | | ဌာန၊ အဖွဲ့အစည်း | ရငွေ | သုံးငွေ | ပိုငွေ (+) / လိုငွေ(-) | စုစုပေါင်း ရငွေတွင် ပါဝင်မှု ရာခိုင်နှုန်း | စုစုပေါင်း သုံးငွေတွင် ပါဝင်မှု ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| **၁** | | **ဗဟိုအဖွဲ့အစည်းများ** | **၁,၂၇၈.၅၅၈** | **၁၄၈,၅၅၈.၀၂၃** | **-၁၄၇,၂၇၉.၄၆၅** | **-** | **၀.၄၄%** |
| | ၁ | နိုင်ငံတော်သမ္မတရုံး | - | ၁၁,၀၃၁.၃၀၅ | -၁၁,၀၃၁.၃၀၅ | - | ၀.၀၃% |
| | ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၂၄.၀၆၀ | ၁,၈၅၇.၅၄၆ | -၁,၈၃၃.၄၈၆ | - | ၀.၀၁% |
| | ၃ | ပြည်ထောင်စုလွှတ်တော်ရုံး | ၃၅.၈၁၀ | ၁,၄၇၆.၂၅၆ | -၁,၄၄၀.၄၄၆ | - | - |
| | ၄ | ပြည်သူ့လွှတ်တော်ရုံး | ၃.၆၇၀ | ၁၀,၀၇၀.၉၀၃ | -၁၀,၀၆၇.၂၃၃ | - | ၀.၀၃% |
| | ၅ | အမျိုးသားလွှတ်တော်ရုံး | ၀.၅၀၀ | ၆,၂၀၃.၆၂၂ | -၆,၂၀၃.၁၂၂ | - | ၀.၀၂% |
| | ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၃၈၀.၀၆၀ | ၄၄,၉၂၃.၈၀၄ | -၄၄,၅၄၃.၇၄၄ | - | ၀.၁၃% |
| | ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | ၀.၀၆၀ | ၁,၀၀၃.၁၁၀ | -၁,၀၀၃.၀၅၀ | - | - |
| | ၈ | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး | ၄၅၃.၅၅၀ | ၅၂,၉၈၅.၅၇၆ | -၅၂,၅၃၂.၀၂၆ | - | ၀.၁၆% |
| | ၉ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | ၁၉.၀၆၀ | ၃,၁၃၇.၅၀၅ | -၃,၁၁၈.၄၄၅ | - | ၀.၀၁% |
| | ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၂၅၈.၁၀၅ | ၅,၇၄၈.၄၈၀ | -၅,၄၉၀.၃၇၅ | - | ၀.၀၂% |
| | ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၁၀၃.၆၈၃ | ၁၀,၁၁၉.၉၁၆ | -၁၀,၀၁၆.၂၃၃ | - | ၀.၀၃% |
| **၂** | | **ဝန်ကြီးဌာနများ** | **၂၃,၉၀၆,၄၁၇.၂၃၆** | **၃၀,၇၀၄,၁၅၃.၅၃၅** | **-၆,၇၉၇,၇၃၆.၂၉၉** | **၈၇.၀၂%** | **၈၉.၉၆%** |
| | ၁ | နိုင်ငံခြားရေး | ၁,၇၄၅.၆၇၂ | ၆၁,၈၈၇.၇၇၆ | -၆၀,၁၄၂.၁၀၄ | ၀.၀၁% | ၀.၁၈% |
| | ၂ | သမ္မတရုံး | - | - | - | - | - |
| | ၃ | နိုင်ငံတော်အတိုင်ပင်ခံရုံး | - | ၂,၂၇၈.၂၂၈ | -၂,၂၇၈.၂၂၈ | - | ၀.၀၁% |
| | ၄ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၄,၁၈၂.၀၂၉ | ၈,၁၅၈.၈၉၆ | -၃,၉၇၆.၈၆၇ | ၀.၀၂% | ၀.၀၂% |
| | ၅ | ပြည်ထဲရေး | ၃၄,၉၆၆.၃၃၉ | ၅၃၂,၆၄၃.၀၈၆ | -၄၉၇,၆၇၆.၇၄၇ | ၀.၁၃% | ၁.၅၆% |
| | ၆ | ကာကွယ်ရေး | ၄၉,၆၅၄.၇၉၁ | ၃,၄၁၄,၁၅၆.၁၉၇ | -၃,၃၆၄,၅၀၁.၄၀၆ | ၀.၁၈% | ၁၀.၀၀% |
| | ၇ | နယ်စပ်ရေးရာ | ၄,၈၅၃.၆၂၃ | ၁၁၃,၅၃၆.၈၁၃ | -၁၀၈,၆၈၃.၁၉၀ | ၀.၀၂% | ၀.၃၃% |
| | ၈ | စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှု | ၁၁,၉၀၄,၄၈၇.၅၁၉ | ၉,၆၂၁,၁၄၃.၂၉၁ | + ၂,၂၈၃,၃၄၄.၂၂၈ | ၄၃.၃၃% | ၂၈.၁၉% |
| | ၉ | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး | ၅,၅၄၄.၆၃၆ | ၄,၂၆၄.၈၉၁ | + ၁,၂၇၉.၇၄၅ | ၀.၀၂% | ၀.၀၁% |
| | ၁၀ | အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး | - | - | - | - | - |
| | ၁၁ | ပြန်ကြားရေး | ၅၇,၉၅၇.၈၂၆ | ၇၇,၉၅၀.၂၈၃ | -၁၉,၉၉၂.၄၅၇ | ၀.၂၁% | ၀.၂၃% |
| | ၁၂ | သာသနာရေးနှင့်ယဉ်ကျေးမှု | ၁၃,၁၉၇.၂၈၂ | ၄၇,၃၂၂.၀၅၂ | -၃၄,၁၂၄.၇၇၀ | ၀.၀၅% | ၀.၁၄% |

(ကျပ်သန်းပေါင်း)

| စဉ် | | ဌာန၊အဖွဲ့အစည်း | ရငွေ | သုံးငွေ | ပိုငွေ (+) / လိုငွေ(-) | စုစုပေါင်း ရငွေတွင် ပါဝင်မှု ရာခိုင်နှုန်း | စုစုပေါင်း သုံးငွေတွင် ပါဝင်မှု ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ၁၃ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း | ၄၉၇,၉၂၄.၁၈၂ | ၉၆၈,၆၆၅.၅၄၂ | -၄၇၀,၇၄၁.၃၆၀ | ၁.၈၁% | ၂.၈၄% |
| | ၁၄ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး | ၂,၁၄၈,၄၅၃.၃၆၂ | ၁,၇၉၉,၇၇၁.၂၂၁ | + ၃၄၈,၆၈၂.၁၄၁ | ၇.၈၂% | ၅.၂၇% |
| | ၁၅ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၄၁၅,၁၂၀.၅၀၃ | ၄၂၄,၉၈၂.၉၄၀ | -၉,၈၆၂.၄၃၇ | ၁.၅၁% | ၁.၂၅% |
| | ၁၆ | လျှပ်စစ်နှင့်စွမ်းအင် | ၇,၂၄၄,၅၇၅.၅၆၈ | ၇,၈၇၀,၈၂၃.၇၁၅ | -၆၂၆,၂၄၈.၁၄၇ | ၂၆.၃၇% | ၂၃.၀၆% |
| | ၁၇ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | ၉၅,၃၅၉.၄၈၃ | ၆၁,၅၇၀.၇၁၃ | + ၃၃,၇၈၈.၇၇၀ | ၀.၃၅% | ၀.၁၈% |
| | ၁၈ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၃၅,၁၉၂.၃၅၀ | ၂၈,၇၂၀.၄၈၈ | + ၆,၄၇၁.၈၆၂ | ၀.၁၃% | ၀.၀၈% |
| | ၁၉ | ပညာရေး | ၂၃၆,၁၇၂.၇၄၁ | ၂,၈၇၃,၅၇၁.၁၂၄ | -၂,၆၃၇,၃၉၈.၃၈၃ | ၀.၈၆% | ၈.၄၂% |
| | ၂၀ | ကျန်းမာရေးနှင့် အားကစား | ၃၃၃,၂၉၄.၂၂၅ | ၁,၄၂၈,၅၁၇.၁၂၇ | -၁,၀၉၅,၂၂၂.၉၀၂ | ၁.၂၁% | ၄.၁၉% |
| | ၂၁ | ဆောက်လုပ်ရေး | ၇၄၃,၀၇၀.၃၁၀ | ၁,၁၉၀,၄၅၄.၈၁၈ | -၄၄၇,၃၈၄.၅၀၈ | ၂.၇၀% | ၃.၄၉% |
| | ၂၂ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၄၆,၆၀၇.၃၃၇ | ၁၆၀,၂၈၄.၃၅၆ | -၁၁၃,၆၇၇.၀၁၉ | ၀.၁၇% | ၀.၄၇% |
| | ၂၃ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၃၃,၁၈၃.၁၃၇ | ၈,၄၉၀.၇၇၄ | + ၂၄,၆၉၂.၃၆၃ | ၀.၁၂% | ၀.၀၂% |
| | ၂၄ | တိုင်းရင်းသားလူမျိုးများရေးရာ | ၈၇၄.၃၂၁ | ၄,၉၅၉.၂၀၄ | -၄,၀၈၄.၈၈၃ | - | ၀.၀၁% |
| **၃** | | **တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ** | **၁,၅၁၉.၆၇၈** | **၁,၃၆၄.၀၅၈** | **+ ၁၅၅.၆၂၀** | **၀.၀၁%** | **-** |
| **၄** | | **နေပြည်တော်ကောင်စီ** | **၁၁၆.၀၀၄** | **၆၃,၂၁၈.၅၃၂** | **-၆၃,၁၀၂.၅၂၈** | **-** | **၀.၁၉%** |
| **၅** | | **မြန်မာနိုင်ငံတော်ဗဟိုဘဏ်** | **၈၆၇,၅၆၂.၁၄၆** | **၆၀၉,၆၉၄.၅၀၆** | **+ ၂၅၇,၈၆၇.၆၄၀** | **၃.၁၆%** | **၁.၇၉%** |
| **၆** | | **နေပြည်တော်စည်ပင်သာယာရေး ကော်မတီ** | **၄၈,၈၈၉.၂၄၅** | **၄၆,၈၆၁.၀၀၃** | **+ ၂,၀၂၈.၂၄၂** | **၀.၁၈%** | **၀.၁၄%** |
| **၇** | | **ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ** | **၂,၄၉၇,၃၆၉.၇၇၃** | **၂,၄၉၀,၇၀၇.၃၁၃** | **+ ၆,၆၆၂.၄၆၀** | **၉.၀၉%** | **၇.၃၀%** |
| **၈** | | **လူမှုဖူလုံရေး** | **၁၄၈,၀၀၀.၀၀၀** | **၆၆,၃၄၃.၂၃၀** | **+ ၈၁,၆၅၆.၇၇၀** | **၀.၅၄%** | **၀.၁၉%** |
| | | **စုစုပေါင်း (၁+၂+၃+၄+၅+၆+၇+၈)** | **၂၇,၄၇၁,၁၅၂.၆၄၀** | **၃၄,၁၃၀,၉၀၀.၂၀၀** | **-၆,၆၅၉,၇၄၇.၅၆၀** | **၁၀၀.၀၀%** | **၁၀၀.၀၀%** |

- စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ အသုံးစရိတ်ရာခိုင်နှုန်း **၂၈.၁၉%** တွင် နိုင်ငံတော်အနေဖြင့် ကျခံသုံးစွဲရသည့် **နိုင်ငံတော်စာရင်း အသုံးစရိတ်** ကျပ် ၈,၉၉၅.၂၆၈ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် **၂၆.၃၆%** ပါဝင်ပါသည်။ ဝန်ကြီးဌာန၏ အသုံးစရိတ်မှာ ကျပ် ၆၂၅.၈၇၅ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် **၁.၈၃%** သာ ဖြစ်ပါသည်။

## ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဌာန၊ အဖွဲ့အစည်းများအလိုက် သာမန်၊ ငွေလုံးငွေရင်း နှင့် ကြွေးမြီ ရငွေအခြေအနေ

(ကျပ်သန်းပေါင်း)

| စဉ် | | ဌာန၊ အဖွဲ့အစည်း | သာမန် | ငွေလုံး | ကြွေးမြီ | ပေါင်း |
|---|---|---|---|---|---|---|
| ၁ | | **ဗဟိုအဖွဲ့အစည်းများ** | **၁,၂၀၅.၆၃၉** | **၂၉.၄၆၈** | **၄၃.၄၅၁** | **၁,၂၇၈.၅၅၈** |
| | ၁ | နိုင်ငံတော်သမ္မတရုံး | - | - | - | - |
| | ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၂၄.၀၆၀ | - | - | ၂၄.၀၆၀ |
| | ၃ | ပြည်ထောင်စုလွှတ်တော်ရုံး | ၇.၉၅၀ | ၁၁.၄၄၄ | ၁၆.၄၁၆ | ၃၅.၈၁၀ |
| | ၄ | ပြည်သူ့လွှတ်တော်ရုံး | ၃.၆၇၀ | - | - | ၃.၆၇၀ |
| | ၅ | အမျိုးသားလွှတ်တော်ရုံး | ၀.၅၀၀ | - | - | ၀.၅၀၀ |
| | ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၃၈၀.၀၆၀ | - | - | ၃၈၀.၀၆၀ |
| | ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး | ၀.၀၆၀ | - | - | ၀.၀၆၀ |
| | ၈ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး | ၄၅၃.၅၅၀ | - | - | ၄၅၃.၅၅၀ |
| | ၉ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | ၁၉.၀၆၀ | - | - | ၁၉.၀၆၀ |
| | ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၂၁၃.၀၄၆ | ၁၈.၀၂၄ | ၂၇.၀၃၅ | ၂၅၈.၁၀၅ |
| | ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၁၀၃.၆၈၃ | - | - | ၁၀၃.၆၈၃ |
| ၂ | | **ဝန်ကြီးဌာနများ** | **၁၉,၀၅၅,၉၄၄.၃၀၄** | **၅၈၄,၁၈၆.၉၇၅** | **၄,၂၆၆,၂၈၅.၉၅၇** | **၂၃,၉၀၆,၄၁၇.၂၃၆** |
| | ၁ | နိုင်ငံခြားရေး | ၁,၀၂၃.၆၇၂ | ၇၂၂.၀၀၀ | - | ၁,၇၄၅.၆၇၂ |
| | ၂ | သမ္မတရုံး | - | - | - | - |
| | ၃ | နိုင်ငံတော်အတိုင်ပင်ခံရုံး | - | - | - | - |
| | ၄ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၄,၁၈၂.၀၂၉ | - | - | ၄,၁၈၂.၀၂၉ |
| | ၅ | ပြည်ထဲရေး | ၃၄,၂၄၅.၁၇၉ | ၇၂၁.၁၆၀ | - | ၃၄,၉၆၆.၃၃၉ |
| | ၆ | ကာကွယ်ရေး | ၄၉,၆၅၄.၇၉၁ | - | - | ၄၉,၆၅၄.၇၉၁ |
| | ၇ | နယ်စပ်ရေးရာ | ၄,၈၅၃.၆၂၃ | - | - | ၄,၈၅၃.၆၂၃ |
| | ၈ | စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှု | ၁၀,၀၃၆,၃၅၂.၉၆၆ | ၁၈,၃၈၃.၃၄၃ | ၁,၈၄၉,၇၅၁.၂၁၀ | ၁၁,၉၀၄,၄၈၇.၅၁၉ |
| | ၉ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး | ၅,၅၄၄.၆၃၆ | - | - | ၅,၅၄၄.၆၃၆ |
| | ၁၀ | အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး | - | - | - | - |
| | ၁၁ | ပြန်ကြားရေး | ၅၇,၉၃၇.၁၉၂ | ၂၀.၆၃၄ | - | ၅၇,၉၅၇.၈၂၆ |
| | ၁၂ | သာသနာရေးနှင့်ယဉ်ကျေးမှု | ၁၂,၄၀၆.၈၈၂ | ၇၉၀.၄၀၀ | - | ၁၃,၁၉၇.၂၈၂ |

(ကျပ်သန်းပေါင်း)

| စဉ် | | ဌာန၊အဖွဲ့အစည်း | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | ပေါင်း |
|---|---|---|---|---|---|---|
| | ၁၃ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း | ၁၁၉,၃၃၆.၂၇၈ | ၃၇,၉၁၆.၄၉၁ | ၃၄၀,၆၇၁.၄၁၃ | ၄၉၇,၉၂၄.၁၈၂ |
| | ၁၄ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး | ၁,၁၅၄,၆၆၉.၁၆၅ | ၉၉,၄၅၈.၃၅၃ | ၈၉၄,၃၂၅.၈၄၄ | ၂,၁၄၈,၄၅၃.၃၆၂ |
| | ၁၅ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၄၀၅,၅၈၄.၆၂၈ | ၉,၅၀၅.၈၇၅ | ၃၀.၀၀၀ | ၄၁၅,၁၂၀.၅၀၃ |
| | ၁၆ | လျှပ်စစ်နှင့်စွမ်းအင် | ၆,၇၄၇,၆၉၇.၀၂၆ | ၁၀,၃၉၇.၅၈၄ | ၄၈၆,၄၈၀.၉၅၈ | ၇,၂၄၄,၅၇၅.၅၆၈ |
| | ၁၇ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | ၈၀,၂၀၈.၄၃၆ | ၁၀၆.၅၅၃ | ၁၅,၀၄၄.၄၉၄ | ၉၅,၃၅၉.၄၈၃ |
| | ၁၈ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၂၂,၀၉၁.၂၂၀ | ၁၁,၅၈၄.၁၀၅ | ၁,၅၁၇.၀၂၅ | ၃၅,၁၉၂.၃၅၀ |
| | ၁၉ | ပညာရေး | ၁၆၁,၅၇၀.၈၃၉ | ၂၆,၈၃၄.၄၃၂ | ၄၇,၇၆၇.၄၇၀ | ၂၃၆,၁၇၂.၇၄၁ |
| | ၂၀ | ကျန်းမာရေးနှင့်အားကစား | ၅၅,၉၇၉.၁၉၁ | ၁၇၀,၈၇၉.၉၉၃ | ၁၀၆,၄၃၅.၀၄၁ | ၃၃၃,၂၉၄.၂၂၅ |
| | ၂၁ | ဆောက်လုပ်ရေး | ၆၇,၀၁၉.၆၉၃ | ၁၉၆,၆၃၇.၄၂၄ | ၄၇၉,၄၁၃.၁၉၃ | ၇၄၃,၀၇၀.၃၁၀ |
| | ၂၂ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၁,၇၅၈.၀၂၈ | - | ၄၄,၈၄၉.၃၀၉ | ၄၆,၆၀၇.၃၃၇ |
| | ၂၃ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၃၂,၉၅၄.၅၀၉ | ၂၂၈.၆၂၈ | - | ၃၃,၁၈၃.၁၃၇ |
| | ၂၄ | တိုင်းရင်းသားလူမျိုးများရေးရာ | ၈၇၄.၃၂၁ | - | - | ၈၇၄.၃၂၁ |
| **၃** | | **တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ** | **၁,၅၁၉.၆၇၈** | **-** | **-** | **၁,၅၁၉.၆၇၈** |
| **၄** | | **နေပြည်တော်ကောင်စီ** | **၁၁၆.၀၀၄** | **-** | **-** | **၁၁၆.၀၀၄** |
| **၅** | | **မြန်မာနိုင်ငံတော်ဗဟိုဘဏ်** | **၈၁၅,၉၆၉.၀၅၂** | **၅၁,၃၅၇.၁၉၀** | **၂၃၅.၉၀၄** | **၈၆၇,၅၆၂.၁၄၆** |
| **၆** | | **နေပြည်တော်စည်ပင်သာယာရေး ကော်မတီ** | **၄၈,၈၅၂.၂၄၅** | **၃၇.၀၀၀** | **-** | **၄၈,၈၈၉.၂၄၅** |
| **၇** | | **ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ** | **၂,၄၃၉,၄၂၆.၁၆၁** | **၉,၇၂၆.၃၂၈** | **၄၈,၂၁၇.၂၈၄** | **၂,၄၉၇,၃၆၉.၇၇၃** |
| **၈** | | **လူမှုဖူလုံရေး** | **၁၄၈,၀၀၀.၀၀၀** | **-** | **-** | **၁၄၈,၀၀၀.၀၀၀** |
| | | စုစုပေါင်း (၁+၂+၃+၄+၅+၆+၇+၈) | ၂၂,၅၁၁,၀၃၃.၀၈၃ | ၆၄၅,၃၃၆.၉၆၁ | ၄,၃၁၄,၇၈၂.၅၉၆ | ၂၇,၄၇၁,၁၅၂.၆၄၀ |

## ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေရငွေရရှိမှု ရာခိုင်နှုန်း




အခြားရငွေများတွင် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာန၊ ဦးစီးဌာနများ၊ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၊ နေပြည်တော်ကောင်စီ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့၏ ရငွေများနှင့် ပြည်ပချေးငွေ၊ ပြည်ပအကူအညီရငွေများပါဝင်ပါသည်။

## ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်
## ပြည်ထောင်စု၏ စုစုပေါင်းရငွေတွင် ပါဝင်မှုရာခိုင်နှုန်း



## ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ကောက်ခံရရှိမည့် အခွန်ရငွေအပေါ် အခွန်အမျိုးအစားအလိုက် ပါဝင်မှုရာခိုင်နှုန်း




## ပြည်ထောင်စု၏ ကောက်ခံရရှိမည့် အခွန်လေးမျိုးအား ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တို့၏ မူလခန့်မှန်းခြေနှိုင်းယှဉ်ပြပုံ



# ပြည်ထောင်စု၏ ကောက်ခံရရှိမည့် အခွန်ရငွေခန့်မှန်းချက်

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တို့၏ မူလခန့်မှန်းခြေရှိုင်းယှဉ်ပြဇယား

(ကျပ်သန်းပေါင်း)

| စဉ် | | အခွန်အမျိုးအစား | ၂၀၁၉-၂၀၂၀ မူလခန့်မှန်းခြေ | ၂၀၂၀- ၂၀၂၁ မူလခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်ကောက်ခံသည့် အခွန်အကောက်** | **၄,၀၈၇,၁၄၃.၃၅၃** | **၄,၄၀၉,၇၂၃.၀၄၇** |
| | ၁ | ယစ်မျိုးခွန် | ၁,၁၃၀.၀၃၃ | ၁,၂၈၉.၇၁၉ |
| | ၂ | ကုန်သွယ်လုပ်ငန်းခွန် | ၂,၂၂၇,၉၆၄.၃၉၆ | ၂,၂၀၁,၉၅၄.၈၄၉ |
| | ၃ | သွင်းကုန်အတွက်လိုင်စင်ကြေး၊ ပါမစ်ကြေးများ | ၆,၀၀၀.၀၀၀ | ၆,၀၀၀.၀၀၀ |
| | ၄ | မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု | ၁၆၅,၀၀၀.၀၀၀ | ၁၆၄,၆၄၁.၀၀၈ |
| | ၅ | မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊လုပ်ငန်းလိုင်စင်ဆိုင်ရာအခငွေများ | ၁၅၂,၂၀၀.၀၀၀ | ၁၅၆,၀၀၀.၀၀၀ |
| | ၆ | ရုံးခွန်နှင့်တံဆိပ်ခေါင်းခွန် | ၈၅,၄၀၇.၉၇၂ | ၈၅,၁၂၈.၇၃၅ |
| | ၇ | ခရီးလှည့်လည်ရေးလိုင်စင်/ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်/ စည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များအတွက်လိုင်စင်ကြေး | ၈၉၉.၅၄၀ | ၆၂၂.၅၄၃ |
| | ၈ | အထူးကုန်စည်ခွန် | ၁,၃၄၈,၅၄၁.၄၁၂ | ၁,၆၉၄,၂၁၀.၉၀၁ |
| | ၉ | ရတနာခွန် | ၁၀၀,၀၀၀.၀၀၀ | ၉၉,၈၇၅.၂၉၂ |
| ၂ | | **ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၂,၄၇၃,၆၈၅.၀၂၉** | **၂,၇၅၄,၁၈၉.၂၁၅** |
| | ၁ | ဝင်ငွေခွန် | ၂,၄၇၃,၆၈၅.၀၂၉ | ၂,၇၅၄,၁၈၉.၂၁၅ |
| ၃ | | **အကောက်ခွန်** | **၅၂၀,၀၀၀.၀၀၀** | **၅၂၀,၀၀၀.၀၀၀** |
| | ၁ | အကောက်ခွန် | ၅၂၀,၀၀၀.၀၀၀ | ၅၂၀,၀၀၀.၀၀၀ |
| ၄ | | **နိုင်ငံပိုင်သယံဇာတများထုတ်ယူသုံးစွဲသည့်အပေါ်ကောက်ခံသည့်အခွန်အကောက်** | **၈၈၈,၅၆၉.၅၀၂** | **၉၃၁,၈၆၄.၉၆၇** |
| | ၁ | မြေယာပေါ်တွင် ကောက်ခံသည့်အခွန် | ၁၇.၅၃၉ | ၂၃.၅၁၆ |
| | ၂ | ရေခွန် | ၇၇.၅၂၃ | ၁၀၄.၅၈၄ |
| | ၃ | တာတမံခွန် | ၁.၂၆၀ | ၀.၉၃၅ |
| | ၄ | သစ်တောများမှပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန် | ၅,၈၀၂.၆၃၃ | ၅,၉၈၈.၉၉၄ |
| | ၅ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်းတွင်းထွက်နှင့်အလှဆင်ကျောက်များမပါ) | ၆၃.၄၄၄ | ၇၆.၀၅၀ |
| | ၆ | ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ | ၃,၀၀၀.၀၀၀ | ၂,၆၄၉.၂၈၀ |
| | ၇ | ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန် | ၄၅၇,၇၅၅.၃၂၈ | ၃၃၄,၃၂၁.၁၁၆ |
| | ၈ | ဓာတ်သတ္တုခွန်နှင့် တွင်းဝခွန် | ၃၀,၃၈၆.၈၇၄ | ၃၁,၃၆၂.၇၉၆ |
| | ၉ | ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့်ကောက်ခံသည့်အခွန်အခ | ၃၇၈,၅၉၅.၂၀၀ | ၅၄၄,၂၅၁.၁၀၀ |
| | ၁၀ | ရေအားအရင်းအမြစ်မှလျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက်အခမဲ့ရရှိသည့်ဓာတ်အားခ | ၁၂,၁၉၇.၀၀၀ | ၁၁,၉၀၅.၃၆၂ |
| | ၁၁ | မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်အသုံးပြုခွင့်ရရှိသူများထံမှ ရရှိသည့် အခွန် | ၆၇၂.၇၀၁ | ၁,၁၈၁.၂၃၄ |
| | | **စုစုပေါင်း** | **၇,၉၆၉,၃၉၇.၈၈၄** | **၈,၆၁၅,၇၇၇.၂၂၉** |

## ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ သာမန်၊ ငွေလုံးငွေရင်း နှင့် ကြွေးမြီ သုံးငွေများ ခန့်မှန်းချက်

| စဉ် | | အကြောင်းအရာ | သုံးငွေ (ကျပ်သန်း) | စုစုပေါင်းအသုံးစရိတ် ပါဝင်မှုရာခိုင်နှုန်း | ဂျီဒီပီတွင် ပါဝင်မှု ရာခိုင်နှုန်း |
|---|---|---|---|---|---|
| **၁** | | **သာမန်သုံးငွေ** | **၂၅,၅၅၄,၁၆၉.၈၇၃** | **၇၄.၈၇%** | **၂၀.၃၁%** |
| | ၁ | ဝန်ကြီးဌာန၊အဖွဲ့အစည်းများ၏ အသုံးစရိတ် (နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှအပ) | ၈,၀၃၆,၇၉၈.၇၂၄ | ၂၃.၅၅% | ၆.၃၉% |
| | ၂ | အတိုးပေးငွေ | ၂,၃၄၉,၈၁၃.၇၆၃ | ၆.၈၉% | ၁.၈၇% |
| | ၃ | ထောက်ပံ့ငွေအသုံးစရိတ် | ၄,၂၉၈,၆၀၂.၅၉၇ | ၁၂.၅၉% | ၃.၄၂% |
| | ၄ | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေအတွင်း) | ၇,၈၅၃,၉၈၈.၄၁၄ | ၂၃.၀၁% | ၆.၂၄% |
| | ၅ | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေပြင်ပ) | ၂,၃၀၈,၀၆၃.၃၅၂ | ၆.၇၆% | ၁.၈၃% |
| | ၆ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၅၅၆,၉၀၃.၀၂၃ | ၁.၆၃% | ၀.၄၄% |
| | ၇ | အရေးပေါ်ရန်ပုံငွေ | ၁၅၀,၀၀၀.၀၀၀ | ၀.၄၄% | ၀.၁၂% |
| **၂** | | **ငွေလုံးငွေရင်းသုံးငွေ** | **၇,၃၉၆,၇၈၆.၅၂၇** | **၂၁.၆၇%** | **၅.၈၈%** |
| | ၁ | ဝန်ကြီးဌာန၊အဖွဲ့အစည်းများ၏ အသုံးစရိတ် (နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှအပ) | ၅,၅၂၄,၉၂၀.၈၃၅ | ၁၆.၁၉% | ၄.၃၉% |
| | ၂ | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေအတွင်း) | ၁,၆၅၀,၁၆၉.၅၂၈ | ၄.၈၄% | ၁.၃၁% |
| | ၃ | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေပြင်ပ) | ၁၆၈,၉၀၄.၆၈၁ | ၀.၄၉% | ၀.၁၄% |
| | ၄ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၅၂,၇၉၁.၄၈၃ | ၀.၁၅% | ၀.၀၄% |
| **၃** | | **ကြွေးမြီအသုံးစရိတ်** | **၁,၁၇၉,၉၄၃.၈၀၀** | **၃.၄၆%** | **၀.၉၄%** |
| | ၁ | ဝန်ကြီးဌာန၊အဖွဲ့အစည်းများ၏ အသုံးစရိတ် (နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှအပ) | ၆၀၆,၂၇၄.၉၁၉ | ၁.၇၈% | ၀.၄၈% |
| | ၂ | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေအတွင်း) | ၅၅၉,၉၂၉.၆၀၁ | ၁.၆၄% | ၀.၄၅% |
| | ၃ | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေပြင်ပ) | ၁၃,၇၃၉.၂၈၀ | ၀.၀၄% | ၀.၀၁% |
| | | **စုစုပေါင်း (၁+၂+၃)** | **၃၄,၁၃၀,၉၀၀.၂၀၀** | **၁၀၀.၀၀%** | **၂၇.၁၃%** |

## ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ စုစုပေါင်းအသုံးစရိတ်တွင် ဌာန၊ အဖွဲ့အစည်းအုပ်စုအလိုက် ပါဝင်မှုရာခိုင်နှုန်း




## ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ စုစုပေါင်းအသုံးစရိတ်တွင် ပါဝင်မှုရာခိုင်နှုန်း




ရော့..... ဒီနိ့အဝစား
ဒီအာလူးနှပ်ပဲ ထပ်မတောင်းနဲ့၊
စားကောင်းတိုင်း ထပ်တောင်း
နေရအောင်... ဒီ..ဘတ်ဂျက်
မဟုတ်ဘူး
ကာတွန်း
ထင်လင်းကျော်
2019.

## ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဌာန၊ အဖွဲ့အစည်းများအလိုက် သာမန်၊ ငွေလုံးငွေရင်း နှင့် ကြွေးမြီ အသုံးစရိတ်အခြေအနေ

(ကျပ်သန်းပေါင်း)

| စဉ် | | ဌာန၊အဖွဲ့အစည်း | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | ပေါင်း |
|---|---|---|---|---|---|---|
| ၁ | | **ဗဟိုအဖွဲ့အစည်းများ** | **၁၁၇,၀၄၈.၀၆၇** | **၃၁,၅၀၉.၉၅၆** | **-** | **၁၄၈,၅၅၈.၀၂၃** |
| | ၁ | နိုင်ငံတော်သမ္မတရုံး | ၉,၂၄၀.၅၁၆ | ၁,၇၉၀.၇၈၉ | - | ၁၁,၀၃၁.၃၀၅ |
| | ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၁,၈၀၁.၆၄၁ | ၅၅.၉၀၅ | - | ၁,၈၅၇.၅၄၆ |
| | ၃ | ပြည်ထောင်စုလွှတ်တော်ရုံး | ၁,၄၀၃.၁၂၀ | ၇၃.၁၃၆ | - | ၁,၄၇၆.၂၅၆ |
| | ၄ | ပြည်သူ့လွှတ်တော်ရုံး | ၉,၁၁၅.၅၇၀ | ၉၅၅.၃၃၃ | - | ၁၀,၀၇၀.၉၀၃ |
| | ၅ | အမျိုးသားလွှတ်တော်ရုံး | ၆,၀၇၃.၃၈၄ | ၁၃၀.၂၃၈ | - | ၆,၂၀၃.၆၂၂ |
| | ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၂၆,၂၅၃.၀၈၀ | ၁၈,၆၇၀.၇၂၄ | - | ၄၄,၉၂၃.၈၀၄ |
| | ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | ၉၀၅.၀၈၅ | ၉၈.၀၂၅ | - | ၁,၀၀၃.၁၁၀ |
| | ၈ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး | ၄၇,၂၁၄.၅၀၀ | ၅,၇၇၁.၀၇၆ | - | ၅၂,၉၈၅.၅၇၆ |
| | ၉ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | ၂,၈၉၆.၂၄၅ | ၂၄၁.၂၆၀ | - | ၃,၁၃၇.၅၀၅ |
| | ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၃,၈၉၅.၄၈၆ | ၁,၈၅၂.၉၉၄ | - | ၅,၇၄၈.၄၈၀ |
| | ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၈,၂၄၉.၄၄၀ | ၁,၈၇၀.၄၇၆ | - | ၁၀,၁၁၉.၉၁၆ |
| ၂ | | **ဝန်ကြီးဌာနများ** | **၂၂,၄၇၁,၃၀၂.၀၉၆** | **၇,၀၆၆,၆၄၆.၉၁၉** | **၁,၁၆၆,၂၀၄.၅၂၀** | **၃၀,၇၀၄,၁၅၃.၅၃၅** |
| | ၁ | နိုင်ငံခြားရေး | ၅၈,၀၆၄.၀၃၇ | ၃,၈၂၃.၇၃၉ | - | ၆၁,၈၈၇.၇၇၆ |
| | ၂ | သမ္မတရုံး | - | - | - | - |
| | ၃ | နိုင်ငံတော်အတိုင်ပင်ခံရုံး | ၂,၁၉၃.၅၁၈ | ၈၄.၇၁၀ | - | ၂,၂၇၈.၂၂၈ |
| | ၄ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၇,၂၆၆.၁၁၈ | ၈၉၂.၇၇၈ | - | ၈,၁၅၈.၈၉၆ |
| | ၅ | ပြည်ထဲရေး | ၄၂၁,၀၅၆.၇၃၃ | ၁၀၇,၉၇၅.၉၃၃ | ၃,၆၁၀.၄၂၀ | ၅၃၂,၆၄၃.၀၈၆ |
| | ၆ | ကာကွယ်ရေး | ၂,၀၄၅,၈၃၈.၂၇၂ | ၁,၃၅၄,၈၂၅.၉၅၅ | ၁၃,၄၉၁.၉၇၀ | ၃,၄၁၄,၁၅၆.၁၉၇ |
| | ၇ | နယ်စပ်ရေးရာ | ၃၃,၈၈၆.၅၆၇ | ၇၉,၆၅၀.၂၄၆ | - | ၁၁၃,၅၃၆.၈၁၃ |
| | ၈ | စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှု | ၈,၉၄၇,၄၄၃.၀၃၄ | ၁၅၅,၆၆၂.၂၅၇ | ၅၁၈,၀၃၈.၀၀၀ | ၉,၆၂၁,၁၄၃.၂၉၁ |
| | ၉ | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး | ၃,၈၁၉.၄၆၃ | ၄၄၅.၄၂၈ | - | ၄,၂၆၄.၈၉၁ |
| | ၁၀ | အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး | - | - | - | - |
| | ၁၁ | ပြန်ကြားရေး | ၆၇,၅၂၅.၇၀၂ | ၁၀,၀၆၇.၄၆၄ | ၃၅၇.၁၁၇ | ၇၇,၉၅၀.၂၈၃ |
| | ၁၂ | သာသနာရေးနှင့်ယဉ်ကျေးမှု | ၂၇,၃၂၇.၀၂၀ | ၁၉,၉၉၅.၀၃၂ | - | ၄၇,၃၂၂.၀၅၂ |
| | ၁၃ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း | ၃၇၅,၇၉၅.၂၂၅ | ၄၈၇,၁၃၄.၆၈၀ | ၁၀၅,၇၃၅.၆၃၇ | ၉၆၈,၆၆၅.၅၄၂ |

(ကျပ်သန်းပေါင်း)

| စဉ် | | ဌာန၊အဖွဲ့အစည်း | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | ပေါင်း |
|---|---|---|---|---|---|---|
| | ၁၄ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး | ၃၃၉,၅၀၅.၉၅၅ | ၁,၂၆၆,၃၀၄.၈၁၇ | ၁၉၃,၉၆၀.၄၄၉ | ၁,၇၉၉,၇၇၁.၂၂၁ |
| | ၁၅ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၃၉၂,၂၄၀.၆၉၆ | ၃၂,၇၄၂.၂၄၄ | - | ၄၂၄,၉၈၂.၉၄၀ |
| | ၁၆ | လျှပ်စစ်နှင့်စွမ်းအင် | ၆,၄၄၆,၃၈၂.၃၀၇ | ၁,၀၉၇,၇၀၀.၅၀၃ | ၃၂၆,၇၄၀.၉၀၅ | ၇,၈၇၀,၈၂၃.၇၁၅ |
| | ၁၇ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | ၄၁,၄၄၈.၄၅၈ | ၂၀,၁၂၂.၂၅၅ | - | ၆၁,၅၇၀.၇၁၃ |
| | ၁၈ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၁၄,၆၅၂.၅၂၃ | ၁၄,၀၁၇.၉၆၅ | ၅၀.၀၀၀ | ၂၈,၇၂၀.၄၈၈ |
| | ၁၉ | ပညာရေး | ၂,၀၇၉,၇၉၉.၇၂၅ | ၇၉၃,၇၇၁.၃၉၉ | - | ၂,၈၇၃,၅၇၁.၁၂၄ |
| | ၂၀ | ကျန်းမာရေးနှင့်အားကစား | ၈၈၄,၅၄၃.၃၈၆ | ၅၃၉,၇၅၃.၇၁၉ | ၄,၂၂၀.၀၂၂ | ၁,၄၂၈,၅၁၇.၁၂၇ |
| | ၂၁ | ဆောက်လုပ်ရေး | ၁၂၂,၆၅၆.၈၁၆ | ၁,၀၆၇,၇၉၈.၀၀၂ | - | ၁,၁၉၀,၄၅၄.၈၁၈ |
| | ၂၂ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၁၄၈,၅၂၅.၉၁၅ | ၁၁,၇၅၈.၄၄၁ | - | ၁၆၀,၂၈၄.၃၅၆ |
| | ၂၃ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၇,၉၀၇.၂၇၇ | ၅၈၃.၄၉၇ | - | ၈,၄၉၀.၇၇၄ |
| | ၂၄ | တိုင်းရင်းသားလူမျိုးများရေးရာ | ၃,၄၂၃.၃၄၉ | ၁,၅၃၅.၈၅၅ | - | ၄,၉၅၉.၂၀၄ |
| **၃** | | **တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ** | **၁,၃၆၄.၀၅၈** | **-** | **-** | **၁,၃၆၄.၀၅၈** |
| **၄** | | **နေပြည်တော်ကောင်စီ** | **၁,၄၂၀.၃၅၃** | **၆၁,၇၉၈.၁၇၉** | **-** | **၆၃,၂၁၈.၅၃၂** |
| **၅** | | **မြန်မာနိုင်ငံတော်ဗဟိုဘဏ်** | **၅၅၆,၉၀၃.၀၂၃** | **၅၂,၇၉၁.၄၈၃** | **-** | **၆၀၉,၆၉၄.၅၀၆** |
| **၆** | | **နေပြည်တော်စည်ပင်သာယာရေး ကော်မတီ** | **၃၈,၂၉၅.၇၀၅** | **၈,၅၆၅.၂၉၈** | **-** | **၄၆,၈၆၁.၀၀၃** |
| **၇** | | **ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ** | **၂,၃၀၈,၀၆၃.၃၅၂** | **၁၆၈,၉၀၄.၆၈၁** | **၁၃,၇၃၉.၂၈၀** | **၂,၄၉၀,၇၀၇.၃၁၃** |
| **၈** | | **လူမှုဖူလုံရေး** | **၅၉,၇၇၃.၂၁၉** | **၆,၅၇၀.၀၁၁** | **-** | **၆၆,၃၄၃.၂၃၀** |
| | | **စုစုပေါင်း (၁+၂+၃+၄+၅+၆+၇+၈)** | **၂၅,၅၅၄,၁၆၉.၈၇၃** | **၇,၃၉၆,၇၈၆.၅၂၇** | **၁,၁၇၉,၉၄၃.၈၀၀** | **၃၄,၁၃၀,၉၀၀.၂၀၀** |

## ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ပအကူအညီရငွေနှင့် ပြည်ပချေးယူရငွေစာရင်းတို့ဖြင့် ဆက်နွှယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များ

(ကျပ်သန်းပေါင်း)

| စဉ် | | ဌာနအဖွဲ့အစည်း | ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် | |
|---|---|---|---|---|
| | | | ပြည်ပအကူအညီရငွေ | ပြည်ပချေးယူရငွေ |
| ၁ | | **ဗဟိုအဖွဲ့အစည်းများ** | **၂၈.၉၆၈** | **၄၃.၄၅၁** |
| | ၁ | ပြည်ထောင်စုလွှတ်တော်ရုံး | ၁၀.၉၄၄ | ၁၆.၄၁၆ |
| | ၂ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၁၈.၀၂၄ | ၂၇.၀၃၅ |
| ၂ | | **ဝန်ကြီးဌာနများ** | **၇၉၉,၉၆၃.၂၂၂** | **၃,၈၆၅,၈၈၉.၂၃၇** |
| | ၁ | နိုင်ငံခြားရေး | ၇၂၂.၀၀၀ | - |
| | ၂ | ပြည်ထဲရေး | ၆၉၆.၁၆၀ | - |
| | ၃ | နယ်စပ်ရေးရာ | ၄,၅၆၀.၀၀၀ | - |
| | ၄ | စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှု | ၁၁၄,၈၆၄.၀၃၅ | ၁,၅၈၅,၂၇၁.၉၁၀ |
| | ၅ | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး | ၄၄.၅၃၆ | - |
| | ၆ | ပြန်ကြားရေး | ၀.၆၃၄ | - |
| | ၇ | သာသနာရေးနှင့်ယဉ်ကျေးမှု | ၇၉၀.၄၀၀ | - |
| | ၈ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း | ၅၅,၉၀၇.၈၉၄ | ၂၄၃,၃၆၁.၄၇၈ |
| | ၉ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၉၉,၄၅၈.၃၅၃ | ၈၉၄,၃၂၅.၈၄၄ |
| | ၁၀ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၁,၇၇၀.၇၉၅ | - |
| | ၁၁ | လျှပ်စစ်နှင့်စွမ်းအင် | ၁၀,၃၈၈.၅၈၄ | ၄၄၉,၇၄၅.၂၇၈ |
| | ၁၂ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၁,၁၀၆.၅၅၃ | ၁၅,၀၄၄.၄၉၄ |
| | ၁၃ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၁၂,၄၃၆.၀၀၆ | ၁,၁၉၅.၈၂၀ |
| | ၁၄ | ပညာရေး | ၈၀,၁၉၀.၂၉၀ | ၄၇,၇၆၇.၄၇၀ |
| | ၁၅ | ကျန်းမာရေးနှင့်အားကစား | ၂၀၆,၁၉၁.၀၀၄ | ၁၀၆,၄၃၅.၀၄၁ |
| | ၁၆ | ဆောက်လုပ်ရေး | ၁၉၆,၅၃၇.၄၂၄ | ၄၇၇,၈၉၂.၅၉၃ |
| | ၁၇ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး | ၁,၆၆၀.၉၇၅ | ၄၄,၈၄၉.၃၀၉ |
| | ၁၈ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၂,၂၅၇.၂၇၅ | - |
| | ၁၉ | တိုင်းရင်းသားလူမျိုးများရေးရာ | ၃၈၀.၃၀၄ | - |
| ၃ | | **မြန်မာနိုင်ငံတော်ဗဟိုဘဏ်** | **၅၁,၃၅၇.၁၉၀** | **၂၃၅.၉၀၄** |
| ၄ | | **ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ** | **၉,၇၂၆.၃၂၈** | **၄၈,၂၁၇.၂၈၄** |
| | | **စုစုပေါင်း (၁+၂+၃+၄)** | **၈၆၁,၀၇၅.၇၀၈** | **၃,၉၁၄,၃၈၅.၈၇၆** |

ပြည်ပအကူအညီရငွေဖြင့် သုံးစွဲသည့်အသုံးစရိတ်တွင် အမေရိကန်ဒေါ်လာ ၅၆၄,၀၀၂,၇၄၀ နှင့်
ပြည်ပချေးယူရငွေ ဖြင့် သုံးစွဲသည့်အသုံးစရိတ်တွင် အမေရိကန်ဒေါ်လာ ၂,၅၇၅,၂၅၃,၈၆၄ တို့ ပါဝင်ပါသည်။

# အပိုင်း(၃)
# နိုင်ငံတော်၏ကြွေးမြီအခြေအနေ

## ပြည်တွင်းပြည်ပကြွေးမြီအခြေအနေ

(ကျပ်ဘီလီယံ)

| အကြောင်းအရာ | ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် | ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် | ၂၀၁၈ ခုနှစ် (၆) လ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် | ၂၀၁၉-၂၀၂၀ ခု၊ (၃၀-၆-၂၀၂၀) ထိ |
|---|---|---|---|---|---|---|
| ပြည်တွင်းကြွေးမြီ | ၁၅,၇၂၄ | ၁၈,၀၂၀ | ၂၀,၇၂၅ | ၂၂,၂၈၇ | ၂၅,၂၄၄ | ၂၈,၂၈၃ |
| ဂျီဒီပီတွင်ပါဝင်မှု ရာခိုင်နှုန်း | ၂၀.၄% | ၂၂.၂% | ၂၂.၉၀% | ၂၃.၆၄% | ၂၃.၉၈% | ၂၃.၇၈% |
| ပြည်ပကြွေးမြီ | ၁၂,၂၄၆ | ၁၀,၈၄၁ | ၁၃,၉၇၄ | ၁၃,၂၆၃ | ၁၅,၅၀၆ | ၁၅,၇၃၆ |
| ဂျီဒီပီတွင်ပါဝင်မှု ရာခိုင်နှုန်း | ၁၆.၇% | ၁၃.၄% | ၁၅.၄၅% | ၁၄.၀၇% | ၁၄.၇၃% | ၁၃.၂၃% |
| စုစုပေါင်းကြွေးမြီ | ၂၇,၉၇၀ | ၂၈,၈၆၁ | ၃၄,၆၉၉ | ၃၅,၅၅၀ | ၄၀,၇၅၀ | ၄၄,၀၁၉ |
| ဂျီဒီပီတွင်ပါဝင်မှု ရာခိုင်နှုန်း | ၃၈.၁% | ၃၅.၆% | ၃၈.၃၆% | ၃၇.၇၁% | ၃၈.၇၁% | ၃၇.၇၁% |

## ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် လိုငွေဖြည့်ဆည်းရန်အတွက် လျာထားချက်




၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်အတွက် အများဆုံးငွေချေးယူနိုင်သည့်ပမာဏ ကျပ်၁၁,၀၀၀ဘီလီယံအနက် လိုငွေအား ငွေတိုက်စာချုပ် ရောင်းချခြင်းမှ ကျပ်၂,၈၃၄.၂၄၆ဘီလီယံ (ပြည်တွင်းမှချေးယူငွေ၏၄၀ရာခိုင်နှုန်း)၊ ငွေတိုက်လက်မှတ် ရောင်းချခြင်းမှ ကျပ်၂,၁၂၅.၆၈၄ဘီလီယံ (ပြည်တွင်းမှချေးယူငွေ၏၃၀ရာခိုင်နှုန်း)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးယူခြင်း ကျပ် ၂,၁၂၅.၆၈၄ဘီလီယံ (ပြည်တွင်းမှချေးယူငွေ၏၃၀ရာခိုင်နှုန်း) နှင့် ပြည်ပမှချေးငွေကျပ်၃,၉၁၄.၃၈၆ဘီလီယံဖြင့် ဖြည့်ဆည်းရန် လျာထားပါသည်။

## လိုငွေဖြည့်ဆည်းခြင်း (Financing)

၁။ မြန်မာနိုင်ငံ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲရာတွင် စာရင်းကိုင်နည်းလမ်းကို အခြေခံ၍ ရေးဆွဲသည့်အတွက် ရငွေစုစုပေါင်းတွင် သာမန်ရငွေ၊ ငွေလုံးငွေရင်းရငွေတို့သာမက ကြွေးမြီရငွေများဖြစ်သည့် ပြည်ပချေးယူရငွေများပါ ပါဝင်ပါသည်။ သုံးငွေစုစုပေါင်းတွင် သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများဖြစ်သည့် ချေးယူရငွေများအား အရင်းပြန်လည်ပေးဆပ်ငွေများပါ ပါဝင်ပါသည်။ အရအသုံးခန့်မှန်းခြေငွေစာရင်း (ဘတ်ဂျက်) လိုငွေသည် ခန့်မှန်းလျာထားချက်ဖြစ်ပြီး လိုငွေဖြည့်ဆည်းသည့်အခါ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ စာရင်းတွင်ဖြစ်ပေါ်သည့် အမှန်လိုငွေကိုသာ ဖြည့်ဆည်းရပါသည်။

၂။ အရအသုံးခန့်မှန်းခြေငွေစာရင်းသည် ဘဏ္ဍာရေးနှစ်တစ်နှစ်အတွက်သာဖြစ်ပြီး အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေနှင့် ဆက်စပ်ဆောင်ရွက်သော ကြွေးမြီ၊ အပ်ငွေ၊ ယာယီစသည့် စာရင်းများ (Non-budget) မပါဝင်ပါ။ ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေစာရင်း(Union Fund Account) ကို မြန်မာ့စီးပွားရေးဘဏ်တွင်ဖွင့်လှစ်ထားပြီး အရအသုံးခန့်မှန်းခြေငွေစာရင်းရငွေသုံးငွေများ၊ ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေနှင့် ဆက်စပ်ဆောင်ရွက်သော ကြွေးမြီ၊ အပ်ငွေ၊ ယာယီစသည့်စာရင်းများအတွက် အပ်ငွေများနှင့်ထုတ်ပေးငွေများ၊ လှည့်ပတ်ရန်ပုံငွေစာရင်းရငွေနှင့်ထုတ်ပေးငွေများပါဝင်ပါသည်။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း၏ လစဉ်ပိုငွေနှင့် လိုငွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိ ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း(Union Government Deposit Account) သို့ ပြောင်းရွှေ့စာရင်းသွင်းရပါသည်။

၃။ ပြည်ထောင်စုအစိုးရအပ်ငွေစာရင်းတွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း ပိုငွေ/လိုငွေများ (အသားတင်ပိုငွေကို အသွင်းဘက်တွင်လည်းကောင်း/အသားတင်လိုငွေကို အထုတ်ဘက်တွင်လည်းကောင်း)၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ထည့်ဝင်ငွေရှိပါက အသွင်းဘက်တွင်လည်းကောင်း၊ ပြန်အမ်းငွေရှိပါက အထုတ်ဘက်တွင်လည်းကောင်း၊ ငွေတိုက်လက်မှတ်များနှင့် ငွေတိုက်စာချုပ်များ ရောင်းချရငွေများကို အသွင်းဘက်တွင်လည်းကောင်း၊ ငွေတိုက်လက်မှတ်များ ပြန်ရွေးနုတ်ငွေများကို အထုတ်ဘက်တွင်လည်းကောင်းနှင့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်များ၏ လိုငွေအတွက် ထောက်ပံ့ငွေကို အထုတ်ဘက်တွင် လည်းကောင်း စာရင်းပြုစုပါသည်။

၄။ ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လက်ကျန်ကို လစဉ်ပိုငွေ/လိုငွေ ရေးဆွဲပါသည်။ ပိုငွေဖြစ်ပေါ်ပါက စာရင်းပိတ် ငွေသားလက်ကျန်အဖြစ်ထားရှိခြင်း၊ ငွေတိုက်လက်မှတ်များပြန်လည်ရွေးနုတ်ခြင်းတို့ကို ဆောင်ရွက်ပါသည်။ လိုငွေဖြစ်ပေါ်ပါက အမှန်လိုငွေအတွက် ပြည်ထောင်စုအစိုးရကမြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ အစိုးရငွေတိုက်လက်မှတ်များအာမခံအဖြစ်ထား၍ ဖြည့်ဆည်းပေးရပါသည်။ ထို့ကြောင့် ဘတ်ဂျက်လိုငွေနှင့် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်းလိုငွေ မတူညီပါ။

၅။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်လိုငွေကို ကျပ် ၆,၆၆၀ ဘီလီယံဖြစ်ပေါ်မည်ဟု ခန့်မှန်းထားပြီး ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် အများဆုံးချေးယူနိုင်သည့် ပမာဏကို ကျပ် ၁၁,၀၀၀ ဘီလီယံထက် မကျော်လွန်စေရန် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် ပြဋ္ဌာန်းထားပါသည်။ အဆိုပါ ကျပ် ၁၁,၀၀၀ ဘီလီယံသည် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်တွင်း၊ ပြည်ပမှအများဆုံး ချေးယူနိုင်သည့် ပမာဏဖြစ်ပါသည်။ ဘဏ္ဍာရေးနှစ်အတွင်း သတ်မှတ်ထားသည့် အများဆုံးချေးယူနိုင်သည့် ပမာဏထက် ကျော်လွန်သုံးစွဲရန် လိုအပ်ပါက နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေတွင် ထပ်မံတိုးမြှင့်နိုင်ပါသည်။ ဘတ်ဂျက်လိုငွေပေါ်ပေါက်ပါက လိုငွေအတွက် ပြည်တွင်းချေးယူရငွေဖြင့် ဖြည့်ဆည်းနိုင်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်။ လိုငွေဖြည့်ဆည်းရာတွင် အစိုးရငွေတိုက်စာချုပ် ရောင်းချခြင်း၊ အစိုးရငွေတိုက်လက်မှတ် ရောင်းချခြင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ ချေးယူခြင်းနည်းလမ်း(၃)ခုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ အနာဂတ်ကာလတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ ချေးယူခြင်းနည်းလမ်းကိုတဖြည်းဖြည်းလျှော့ချပြီး အစိုးရငွေတိုက်စာချုပ်နှင့် အစိုးရငွေတိုက်လက်မှတ်များကို အများပြည်သူသို့ ရောင်းချခြင်းအားဖြင့်ပိုမိုဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

# အပိုင်း (၄)

# ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်အသုံးစရိတ်ကောက်နုတ်ချက်များ

## ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် ပညာရေးအသုံးစရိတ်မှ ကောက်နုတ်ချက်

(ကျပ်သန်းပေါင်း)

| | | |
|---|---|---|
| ၁ | နိုင်ငံတော်ပညာသင်ဆုထောက်ပံ့ငွေနှင့်ပညာသင်စရိတ် | ၁၈,၁၀၀.၀၀၀ |
| ၂ | စာသင်ဆောင် -ဆောင်ရွက်ဆဲ(၂၇)+လုပ်ငန်းသစ်(၅၂)၊ စာကြည့်တိုက်၁၃လုံးနှင့် အလုပ်ရုံများ | ၄၆,၈၅၄.၀၀၀ |
| ၃ | ကျောင်းသား/သူ အိပ်ဆောင် - ဆောင်ရွက်ဆဲ(၈၁)လုံး+ လုပ်ငန်းသစ်(၆၆)လုံး၊<br>ဆရာ/မ ဝန်ထမ်းအိမ်ရာ - ဆောင်ရွက်ဆဲ(၅၃)လုံး+ လုပ်ငန်းသစ်(၁၁၃)လုံး | ၇၉,၆၁၆.၀၀၀ |
| ၄ | ရေရရှိရေးလုပ်ငန်းများ | ၁,၈၃၁.၀၀၀ |
| ၅ | လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ | ၂,၅၉၆.၀၀၀ |
| ၆ | အားကစားကွင်းများ၊ အားကစားရုံများဆောက်လုပ်ခြင်း | ၂၃,၄၂၃.၀၀၀ |
| ၇ | လမ်းခင်းခြင်းနှင့်အခြားလုပ်ငန်းများ | ၁၈,၆၆၃.၀၀၀ |
| ၈ | မုံရွာစီးပွားရေးတက္ကသိုလ်၏မြေယာလျော်ကြေး(၂၀၁.၂၁)ဧက၊<br>နည်းပညာတက္ကသိုလ်(ဗန်းမော်)၏မြေယာလျော်ကြေး(၁.၀၁)ဧက၊ | ၄,၀၂၆.၀၀၀ |
| ၉ | လူငယ်များအလုပ်အကိုင်ရရှိရေးအတွက် လေ့ကျင့်ပြုစုမွေးထုတ်ရေးစီမံချက်(ADB ချေးငွေ) | ၅,၂၉၂.၁၁၃ |
| ၁၀ | ပညာရေးစီမံခန့်ခွဲမှုသတင်းအချက်အလက်စနစ် (EMIS) ဖွံ့ဖြိုးရေးလုပ်ငန်းများ | ၃၄.၀၀၀ |
| ၁၁ | (Grade-5) ကြီးကြပ်သူအဆင့်၊ ဗဟိုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ် အဆင့်ဆွေးနွေးပွဲများနှင့်<br>သင်တန်းလက်စွဲနှင့် ဆရာလမ်းညွှန် စာအုပ်များ ရိုက်နှိပ်ခြင်း | ၁၇၇.၉၈၅ |
| ၁၂ | G-8,G-11 ကြီးကြပ်သူ/ ဗဟိုအဆင့်/ တိုင်းဒေသကြီး /ပြည်နယ်အဆင့် သင်တန်းပေးခြင်းနှင့် Social Content Guideline ကို အသုံးပြု၍ သင်ရိုးများကို Review ပြုလုပ်ခြင်း၊ သင်ရိုးပါ အကြောင်းအရာများကို ဆက်စပ်ဝန်ကြီးဌာနများနှင့် ညှိနှိုင်းခြင်း၊ ပြင်ဆင်ခြင်း၊ Report ရေးသားခြင်း (EU အထောက်အပံ့) | ၆၉၇.၉၀၆ |
| ၁၃ | အရှေ့တောင်အာရှ မူလတန်းဆင့်ကလေးများ၏ သင်ယူမှုကို လေ့လာဆန်းစစ်ခြင်း၊ ကျောင်းပြင်ပရောက်ကလေးများ အခြေအနေကို လေ့လာ စိစစ်အကဲဖြတ်ခြင်း၊ Budget Brief ပညာရေးအသုံးစရိတ်ကို စိစစ်လေ့လာခြင်း၊ သုတေသန အစီရင်ခံစာပြုစုရန်၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးစီမံချက်လုပ်ငန်းများ၊ KG site module ရေးသားပြုစုခြင်းနှင့် module အား အသုံးပြုတတ်ရန် သင်တန်းပေးခြင်း၊<br>(UNICEF အထောက်အပံ့) | ၂၀၂.၄၄၄ |
| ၁၄ | ဦးဆောင်ညွှန်ပြသူဆရာများ နှင့် ကျောင်းအုပ်စုဖွံ့ဖြိုး တိုးတက်ရေးစီမံချက်၊ မူလတန်းအောက်ဆင့် ကလေးများ၏စာဖတ်၊ သင်္ချာစွမ်းရည်ကိုလေ့လာဆန်းစစ်ခြင်း၊ မူလတန်းအောက်ဆင့်ကလေးများ၏စာဖတ်စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းနှင့်လူတိုင်းအကျိုးဝင်သော အရည်အသွေးမီပညာရေးလုပ်ငန်းအစီအစဉ်(World Bank အထောက်အပံ့) | ၁၆၅.၇၇၀ |
| ၁၅ | မြန်မာ့ပညာရေးအရည်အသွေးမြင့်မားရေးအစီအစဉ် (AusAid အထောက်အပံ့) | ၇,၁၆၉.၆၉၁ |
| ၁၆ | ဗလာစာအုပ်များထောက်ပံ့ပေးခြင်း(မူလတန်းဆင့်) | ၁၁,၄၅၉.၄၁၂ |
| ၁၇ | ကျောင်းသုံးပုံနှိပ် (မူလတန်းဆင့်၊အလယ်တန်းဆင့်၊အထက်တန်းဆင့်)အခမဲ့ဖြန့်ဝေခြင်း | ၄၉,၁၂၅.၇၀၂ |
| ၁၈ | ပညာသင်ထောက်ပံ့ကြေး(နိုင်ငံတော်)၊ပညာသင်ထောက်ပံ့ကြေး(ကမ္ဘာ့ဘဏ်+နိုင်ငံတော်) | ၃၀,၉၃၈.၁၆၀ |
| ၁၉ | ကျောင်းဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုအစီအစဉ် (SISP) | ၅၉,၆၆၅.၀၀၀ |
| ၂၀ | သင်ရိုးသစ်(Grade-5,8,11) (ကျောင်းသုံးပုံနှိပ်/ဆရာကိုင်/လမ်းညွှန်/သင်တန်း)ဆောင်ရွက်ခြင်း | ၈၈,၅၀၃.၆၂၆ |
| ၂၁ | ဆရာ၊ဆရာမများ၏ စွမ်းရည်မြင့် ဆွေးနွေးပွဲများဆောင်ရွက်ခြင်း | ၁,၀၇၂.၂၂၆ |
| ၂၂ | တိုင်းရင်းသားဘာသာ စကားသင် ဆရာ ၊ ဆရာမ (၁၈၂၃၈)ဦး အား လုပ်အားခ ချီးမြှင့်ခြင်း ၊ ရခိုင်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် Volunteer Teacher ဆရာ၊ဆရာမ(၅၉၄)ဦးနှင့် ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) Volunteer Teacher (၇၉၆) ဦးအား လုပ်အားခချီးမြှင့်ခြင်း | ၇,၃၃၉.၇၂၀ |

## ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်
## ပညာရေးအသုံးစရိတ်မှကောက်နုတ်ချက်(အဆက်)

(ကျပ်သန်းပေါင်း)

| | | |
|---|---|---|
| ၂၃ | နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်(၇)ချက်အရ (မူးယစ်ဆေးအန္တရာယ်ကင်းစင်ပပျောက်ရေး၊ ဆေးလိပ်သောက်သုံးမှုနှင့် ကွမ်းယာစားသုံးမှု ကင်းစင်ပပျောက်ရေး၊ အရက်၊ ဘီယာသောက်သုံးခြင်း မရှိစေရေး၊ ကျန်းမာရေး နှင့် ညီညွတ်သည့် လူနေမှုဘဝပုံစံများ လိုက်နာကျင့်သုံး ဆောင်ရွက်ရေး၊ ယာဉ်အန္တရာယ်နှင့်လမ်းအန္တရာယ်ကင်းရှင်းရေး၊ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာပေးရေး၊ ကျောင်းသား၊ကျောင်းသူများတွင် Game စွဲလန်းမှုမရှိစေရေး) အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ အခြေခံပညာကျောင်းများတွင် ICT အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ အောင်ချက်အကောင်းဆုံး ကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း (၈၁၆)ကျောင်းအတွက် Desktop နှင့် ကွန်ပျူတာ စားပွဲများ ပံ့ပိုးပေးခြင်း ၊ Tablet များအား အခြေခံပညာကျောင်း(၄၇၄၇၂)ကျောင်းအားပံ့ပိုးပေးခြင်း | ၂၀,၆၈၇.၁၀၅ |
| ၂၄ | ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အဆင့်မြှင့်တင်ရေးဆောင်ရွက်ခြင်း၊ စာကြည့်တိုက် (၄၅) ဆောင်ဆောက်လုပ်ခြင်း ၊ စာကြည့်တိုက်ရှိသော ကျောင်း(၈၂၅၁)အတွက် ဗီရိုများထောက်ပံ့ခြင်း ၊ စာကြည့်တိုက်တွင် အသုံးပြုရန် Book Trolley များ ပံ့ပိုးပေးခြင်း | ၃,၄၂၅.၀၃၀ |
| ၂၅ | အခြေခံပညာကျောင်းဆောင်(၆၄၃၄)ဆောင်၊ ဝေးလံခက်ခဲသောဒေသများတွင် တာဝန်ထမ်းဆောင် နေသော ဆရာ၊ဆရာမများအတွက် ဝန်ထမ်းအိမ်ရာ(၄၆၁)ဆောင်၊ အခြေခံပညာကျောင်းများအတွက် စာရေးခုံအနိမ့်(၂၈၈၀၂၉)စုံ နှင့် အမြင့်(၁၆၈၀၀၇)စုံ ၊ စုစုပေါင်း (၄၅၆၀၃၆)စုံ ထောက်ပံ့ခြင်း | ၃၂၈,၄၅၈.၀၃၆ |
| ၂၆ | အခြေခံပညာကျောင်းများတွင် မူလတန်းဆင့် ကျောင်းသားကျောင်းသူများအား အာဟာရ ကျွေးမွေးရေး လုပ်ငန်းများဆောင်ရွက်ခြင်း | ၂၀,၈၅၇.၅၇၂ |
| ၂၇ | ၂၀၂၁-ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာဖြေသူ ကျောင်းသား ဦးရေ (၂၄၀၀၀၀)ဦး တိုးလာရခြင်း တို့ကြောင့် စာစစ်ခများ ပေးချေရခြင်း၊ ကြီးကြပ်ခ ချီးမြှင့်ငွေများ ပေးချေရခြင်း၊ စာစစ်ဌာန အသေးသုံး စရိတ်များ ပေးချေရခြင်း | ၈၁၀.၀၀၀ |
| ၂၈ | EU Budget Support ဖြင့် နိုင်ငံတော်အဆင့် နမူနာအခြေပြု ပညာရည်စစ်ဆေး အကဲဖြတ်မှုများ ဆောင်ရွက်ရာတွင် အဖြေလွှာများကို အလိုအလျှောက် စစ်ဆေး အမှတ်ပေးနိုင်ရန်၊ မေးခွန်းလွှာများကို လုံခြုံစိတ်ချ လျှင်မြန်စွာပုံနှိပ်နိုင်ရန်၊ အောင်စာရင်း အချက်အလက်များ သိမ်းဆည်းရန်၊ မေးခွန်းဘဏ်များ ပြုစုရန် နှင့် ထိန်းသိမ်းရန်၊ ပညာရည် စစ်ဆေးအကဲဖြတ်မှုဆိုင်ရာ လေ့လာသုတေသနပြုမှုများ ဆောင်ရွက်နိုင်ရန် အတွက် စက်ပစ္စည်းများ ဝယ်ယူရန် | ၄၃၀.၀၀၀ |
| ၂၉ | မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း၊ မြန်မာသဒ္ဒါ၊ မြန်မာစကားပုံ၊ မြန်မာစကားပရိယာယ်ကျမ်း၊ အနုပညာဆိုင်ရာ ကိုယ်ပိုင်အမည်များ အဘိဓာန်၊ မြန်မာစာစကား၊ ဆိုရိုး၊ မြန်မာအဘိဓာန်၊ မြန်မာ-အင်္ဂလိပ်အဘိဓာန်၊ ခေတ်ပေါ်ဝေါဟာရအဘိဓာန်၊ စာကိုးအဘိဓာန်၊ တိုင်းရင်းသားအဘိဓာန်(၇)မျိုး၊ တိုင်းရင်းသားပုံပြအဘိဓာန်(၇)မျိုးစိတ်စွမ်းအားဖြည့်စာအုပ်ပုံနှိပ်ရန် | ၆၂၁.၀၀၀ |
| ၃၀ | Unicef အထောက်အပံ့ဖြင့် ကျောင်းပြင်ပပညာရေး လုပ်ငန်းများအတွက် သင်ထောက်ကူ ပစ္စည်းများ ထောက်ပံ့ပေးရန်၊ ကျောင်းပြင်ပပညာရေး မူလတန်း၊ အလယ်တန်း၊ တန်းညှိအစီအစဉ် ရေးဆွဲဆောင် ရွက်ခြင်း၊ ကွင်းဆင်းခြင်း၊ အရည်အသွေးမြှင့်တင်ခြင်း၊ အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်း NESP လုပ်ငန်းများ ဆောင်ရွက်ခြင်း | ၄၇၂.၂၆၄ |
| ၃၁ | ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနရှိ ပညာရေးနည်းပညာနှင့် သတင်းဖြန့်ချိရေးဌာနခွဲတွင် ပညာရေးသတင်းရုပ်သံလိုင်းများ ထုတ်လွှင့်နိုင်ရန်အတွက် လိုအပ်သော စက်ကိရိယာတန်ဆာပလာ ပစ္စည်းများနှင့်ရုံးသုံးစက်ပစ္စည်းများဝယ်ယူခြင်း | ၁၆.၅၄၇ |

(ကျပ်သန်းပေါင်း)

## ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်
## ပညာရေးအသုံးစရိတ်မှတ်ကောက်နှုတ်ချက်(အဆက်)

| | | |
|---|---|---|
| ၃၂ | ကျောင်းပြင်ပမူလတန်း ပညာရေး(NFPE)/ ကျောင်းပြင်ပအလယ်တန်း ပညာရေးလုပ်ငန်းများ(NFME) ဆောင်ရွက်ခြင်းအတွက် တိုင်းဒေသကြီး/ပြည်နယ်ကြီးကြပ်ရေးမှူးများ၊ မြို့နယ်ကြီးကြပ်ရေးမှူးများ၊ ဆရာ/မများကို ထောက်ပံ့စရိတ်ထောက်ပံ့ခြင်း၊ တိုင်းဒေသကြီး၊ပြည်နယ်များသို့ အခြေခံစာတတ်မြောက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင်ကြီးကြပ်/ နည်းပြများ၊ လုပ်အားပေးဒေသခံဆရာ/မများကို အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုကာလအတွင်း ထောက်ပံ့စရိတ်ချီးမြှင့်ခြင်း၊ စာသင်ဝိုင်းအလိုက် သင်ထောက်ကူပစ္စည်းများပံ့ပိုးခြင်း၊ စာသင်သားများကိုအထိမ်းအမှတ်ပစ္စည်းများပံ့ပိုးခြင်း၊ (NFPE) အခြေစိုက်စခန်းများနှင့် အခြေခံစာတတ်မြောက်ရေးစာသင်ဝိုင်းများသို့ ကွင်းဆင်းကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများအတွက်ပြည်တွင်းခရီးစရိတ်များ၊ အခြေခံစာတတ်မြောက်ရေး လုပ်ငန်းဖွင့်ပွဲနှင့် ဂုဏ်ပြုပွဲများဆောင်ရွက်ခြင်း၊ ဌာနတွင်းဝန်ထမ်းများစွမ်းဆောင်ရည်အရည်အသွေးမြှင့်သင်တန်း၊ (NFPE) ဒုတိယနှစ်ဝက်(ဗဟိုအဆင့်) သင်တန်းများဆောင်ရွက်ခြင်း၊ ပညာရေးနည်းပညာနှင့်သတင်းဖြန့်ချိရေးဌာနခွဲမှ အကောင်အထည်ဖော်ဆောင်ရွက်သော မြန်မာစာမြန်မာစကား၊ ပညာရေးပညာပေး ဇာတ်လမ်းများရိုက်ကူးခြင်း၊ပညာရေးသတင်းလွှာတစ်လ(၂)ကြိမ်ရိုက်နှိပ်၍အခမဲ့ဖြန့်ဝေဆောင်ရွက်ခြင်းလုပ်ငန်းများ | ၂,၉၈၇.၂၂၇ |
| ၃၃ | World Bank အထောက်အပံ့ဖြင့် -AE partnership framework and Quality Standards Assessment Framework (AE-QSAF) ၊ -Development of accreditation and certification standards(Support of SC 2.1)(DLI 9)၊ -Development of AE database softbase software(Support of SC 2.1)၊ -Alternative Education Providers (SC 2.1; To be engaged on performance-basedcontracts) | ၂,၃၇၁.၂၀၀ |
| ၃၄ | ပညာရေးသတင်းရပ်သံလိုင်းများ ထုတ်လွှင့်ရာတွင်အသုံးပြုလျက်ရှိသော စက်ကိရိယာတန်ဆာပလာပစ္စည်းများအတွက် Software ဝယ်ယူခြင်းနှင့်အဆင့်မြှင့်တင်ခြင်းများ | ၆၀.၀၇၃ |
| ၃၅ | ဒိန်းမတ်နိုင်ငံအထောက်အပံ့ဖြစ်သောစွမ်းဆောင်ရည်မြှင့်တင်ရေးရန်ပုံငွေအဖွဲ့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် Consultant ငှားရမ်းခြင်း၊ Software ရေးဆွဲခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း | ၁,၀၀၀.၀၀၀ |
| ၃၆ | သုတေသနလုပ်ငန်းများအတွက် လုပ်ငန်းသုံးစက်ပစ္စည်းများ၊ ရုံးအသုံးအဆောင်ပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ခြင်း | ၂,၀၆၈.၀၂၇ |
| ၃၇ | သက်မွေးပညာသင်တန်းများတိုးချဲ့ ဖွင့်လှစ်နိုင်ရေးတို့အတွက် ကျောင်းအဆောက်အဦနှင့် အခြေခံအဆောက်အဦများ တိုးချဲ့ တည်ဆောက်ခြင်း၊ သင်ထောက်ကူပစ္စည်းများဝယ်ယူခြင်း | ၃၀,၅၇၃.၀၅၆ |
| ၃၈ | EU Budget Support ဖြင့် နည်းပညာနှင့် သက်မွေးပညာကဏ္ဍအား အရည်အသွေးမြင့်ပညာရေးစနစ်သို့ အဆင့်မြှင့်တင်ရန် အခြေခံအဆောက်အဦများဖြည့်ဆည်းပေးခြင်း၊ Teacher Training များဆောင်ရွက်ခြင်း၊ သင်ရိုးညွှန်းတမ်းများမြှင့်တင်ရေးဆွဲခြင်း၊ ကာလတိုသင်တန်းဆိုင်ရာ မူဝါဒများရေးဆွဲခြင်း | ၃၅,၆၅၈.၀၃၇ |
| ၃၉ | ဂျပန်နိုင်ငံ အထောက်အပံ့ဖြင့် ဂျပန်-မြန်မာအောင်ဆန်း သက်မွေးပညာသင်တန်းကျောင်း(JMASVTI) တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် Consultantငှားရမ်းခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း နှင့် သင်ထောက်ကူပစ္စည်းများဝယ်ယူခြင်း | ၁၅,၂၇၇.၁၆၂ |
| ၄၀ | ကိုရီးယားနိုင်ငံ KOICA အထောက်အပံ့ဖြင့် TVET Teacher Training Institute (KMTTTI) တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း | ၁,၄၅၂.၃၀၃ |
| ၄၁ | ဂျာမနီနိုင်ငံ KfWအထောက်အပံ့ဖြင့်TVET Reform Programme ပြုလုပ်ရန်အတွက်Consultant ငှားရမ်းခြင်း၊ သင်ထောက်ကူပစ္စည်းများ၊ ရုံးသုံးပရိဘောဂများဝယ်ယူခြင်းနှင့် ညှိနှိုင်းဆွေးနွေးပွဲများပြုလုပ်ခြင်း | ၅,၉၁၆.၅၈၈ |
| ၄၂ | အစိုးရနည်းပညာကောလိပ်များ၊ စက်မှုလက်မှုသိပ္ပံများနှင့် နည်းပညာအထက်တန်းကျောင်းများရှိ ကျောင်းသူ၊ ကျောင်းသား ( ၂၆၂၃၈ ) ဦးအတွက်ပညာသင်ထောက်ပံ့ကြေး | ၇,၈၄၄.၇၀၀ |

ဇာစ်မြစ်။ ပညာရေးဝန်ကြီးဌာန

## ၂၀၂၀-၂၀၂၁ခုနှစ်ဘဏ္ဍာရေးနှစ်
## ကျန်းမာရေးအသုံးစရိတ်မှကောက်နုတ်ချက်

(ကျပ်သန်းပေါင်း)

| | | |
|---|---|---|
| ၁ | **ပြည်သူ့ကျန်းမာရေးဦးစီးဌာန**လက်အောက်ရှိ ကျန်းမာရေးဌာနများအတွက် ဆေးဝါးများဝယ်ယူခြင်း | ၅၂,၃၄၂.၈၉၃ |
| ၂ | ရောဂါကာကွယ်ဆေးများဝယ်ယူရန် Gavi နှင့် UNICEF သို့ ထည့်ဝင်ငွေ | ၁၅,၄၀၄.၁၃၆ |
| ၃ | ခုခံကျ/ကာလသားရောဂါ၊ တီဘီရောဂါများအတွက် ဆေးများဝယ်ယူခြင်း နှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးအတွက်ဆေးစိမ်ခြင်ထောင်များဝယ်ယူခြင်း | ၃၀,၉၆၆.၀၈၆ |
| ၄ | ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများဆောက်လုပ်ရန်ဆောင်ရွက်ဆဲ (၂၃၄)ခုနှင့်လုပ်ငန်းသစ်(၂၀၈)ခု | ၄၂,၄၁၃.၈၈၇ |
| ၅ | ကမ္ဘာ့ဘဏ်မှ Pandemic Emergency Financing Facility (PEF) Grant ဖြင့် Covid-19 ရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများတွင် အသုံးပြုရန် | ၄,၀၁၄.၆၅၃ |
| ၆ | ဆေးဘက်ဆိုင်ရာပစ္စည်းနှင့်ရုံးသုံးစက်ပစ္စည်းများဝယ်ယူရန် | ၄,၁၂၀.၇၄၂ |
| ၇ | **ကုသရေးဦးစီးဌာန**လက်အောက်ရှိ ဆေးရုံများအတွက်ဆေးဝါးဝယ်ယူခြင်း | ၃၀၀,၀၀၀.၀၀၀ |
| ၈ | ဆေးရုံများတိုးချဲ့ဆောက်လုပ်ခြင်း | ၁၀၀,၉၇၇.၅၂၅ |
| ၉ | ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း | ၅၄,၃၀၂.၄၈၇ |
| ၁၀ | စက်ကိရိယာများပြင်ဆင်ခြင်း | ၁၀,၁၅၀.၇၈၄ |
| ၁၁ | အဆောက်အဦပြင်ဆင်ထိန်းသိမ်းခြင်း | ၈,၇၆၇.၈၁၂ |
| ၁၂ | ဆေးဘက်ဆိုင်ရာကရိယာများဝယ်ယူခြင်း (ပြည်ပအကူအညီရငွေ၊ ချေးငွေအပါအဝင်) | ၁၅၀,၂၃၇.၇၇၄ |
| ၁၃ | ရုံးသုံးစက်ကရိယာ၊ ပရိဘောဂ၊ ယာဉ်များဝယ်ယူခြင်း | ၂,၆၆၆.၁၁၀ |
| ၁၄ | COVID-19 ကာကွယ်ရေးအတွက်သီးခြားဆောင်ရွက်ရမည့်ကိစ္စများ | |
| | ICU အဆင့်မြှင့်တင်ရန် ဆေးရုံသုံးပစ္စည်းများဝယ်ယူခြင်း (ကမ္ဘာ့ဘဏ်ချေးငွေ) | ၃၈,၀၀၀.၀၀၀ |
| | နယ်စပ်ဒေသနှင့် ခက်ခဲဒေသများရှိ ဆေးရုံများအဆင့်မြှင့်တင်ခြင်း (အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေ) | ၃၁,၉၂၀.၀၀၀ |
| | ဆေးရုံသုံးပစ္စည်းကိရိယာများ ဖြည့်တင်းခြင်း(ဂျပန်နိုင်ငံအစိုးရအကူအညီ) | ၂၇,၉၀၀.၀၀၀ |
| | ဓါတ်ခွဲပစ္စည်းများ၊ အရေးပေါ်လူနာပို့ဆောင်ရေးယာဉ်နှင့် ဆေးရုံသုံးပစ္စည်းများ ထောက်ပံ့ခြင်း (ဂျပန်နိုင်ငံအစိုးရအကူအညီ) | ၇,၈၇၉.၉၃၁ |
| | COVID-19 တိုက်ဖျက်ရေးအတွက် အရေးပေါ်ထောက်ပံ့ခြင်း (ကမ္ဘာ့ဘဏ်အကူအညီ) | ၈,၂၄၉.၀၈၆ |
| ၁၅ | **ဆေးတက္ကသိုလ်(၁)ရန်ကုန်** ဆေးနှင့်ဆေးနီးနွယ်တက္ကသိုလ် အားလုံးအတွက် Building Dormitory (၁၈၅'×၈၄'×၁၃၁') (၁၈၆၆၁၂ sq-ft)(၁၂)ထပ် RCC တည်ဆောက်ခြင်း(၂)နှစ်လုပ်ငန်း | ၃,၂၀၀.၀၀၀ |
| ၁၆ | (ကျောက်ဖြူ)သူနာပြုနှင့်သားဖွားသင်တန်းကျောင်းတည်ဆောက်ခြင်းလုပ်ငန်း | ၃,၉၀၄.၀၉၁ |
| ၁၇ | **ဆေးတက္ကသိုလ်၊ မကွေး**(၄)ထပ်စာသင်ဆောင်ဆောက်လုပ်ခြင်းလုပ်ငန်း(၂၄၀'× ၃၆'× ၄၅') RC (အတွင်း၊ ရေ၊ မီး၊ မိလ္လာ Apron & Drain အပါအဝင်) | ၉၆၇.၆၈၀ |
| ၁၈ | **အခြေခံကျန်းမာရေးတက္ကသိုလ်၊မကွေး**ဘွဲ့နှင်းသဘင်ခန်းမ RC ဆောက်လုပ်ခြင်းလုပ်ငန်း(၂၃၉'×၂၀၁'× ၅၀')(အတွင်းရေ၊ မီး၊ မိလ္လာApron & Drain အပါအဝင်)(၅၂၀၀၀ စ/ပေ) ဂါလံ (၁၂၀၀၀)Ground Tank (၂)နှစ်ဆက်လုပ်ငန်း(၁၉၅၀.၀၀၀)သန်း | ၉၇၅.၀၀၀ |
| ၁၉ | **ဆေးတက္ကသိုလ်၊ မန္တလေး** ဆေးပညာကျွမ်းကျင်မှု ပုံတူလေ့ကျင့်ရေးနှင့် သုတေသနဆောင်(၇)ထပ် ဆောက်လုပ်ခြင်း RC (၁၁၀'× ၅၀' ၊ ၇၀'× ၅၀'၊ အမြင့်၁၁၀' ) (ရေ၊ မီး၊မိလ္လာ Apron & Drain ဓါတ်လှေကား(၂)စင်းအပါအဝင်) နှစ်ဆက်လုပ်ငန်းကျပ်(၂၅၂၀)သန်း (၂)နှစ်လုပ်ငန်း(၆၃၀၀၀ စ/ပေ) | ၁,၂၆၀.၀၀၀ |

## ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်
## ကျန်းမာရေးအသုံးစရိတ်မှကောက်နုတ်ချက်(အဆက်)

(ကျပ်သန်းပေါင်း)

| | | |
|---|---|---|
| ၂၀ | **ဆေးတက္ကသိုလ်၊ မန္တလေး** သင်ကြားရေးအဆောက်အဦဆောက်လုပ်ခြင်း RC ၅ထပ် (အလျား၁၃၀'× အနံ၅၀'×အမြင့်၆၅') (ရေ၊ မီး၊ မိလ္လာApron & Drain အပါအဝင်) (ဗဟိုအမျိုးသမီး ဆေးရုံကြီး ဝင်းအတွင်း) | ၉၅၀.၀၀၀ |
| ၂၁ | **ဆေးဝါးတက္ကသိုလ်၊ မန္တလေး** စာသင်ဆောင်ခန်းမ ဆောက်လုပ်ခြင်း(၁၄၀'×၆၀') RC(၂)ထပ် (Lecture Theatre) ရေ၊ မီး၊ မိလ္လာ၊ Apron & Drain အပါအဝင် | ၅၀၄.၀၀၀ |
| ၂၂ | **ဆေးဝါးတက္ကသိုလ်၊ မန္တလေး** ကျောင်းသူ(၂၀၀)ဆံ့ဆောင် ဆောက်လုပ်ခြင်း(၃၂'×၂၀၀') (၃၀'×၅၈') (၃)ထပ်၊ RCထမင်းစားဆောင်(၁၂၀'×၄၀')RC(၁)ထပ်၊ (ဝရံတာ၊လှျောက်လမ်း နှင့်ပေါ်တီကို အပါအဝင် စုစုပေါင်းကြမ်းခင်းဧရိယာ(၃၇၀၉၂) ပေ (ရေ၊ မီး၊ မိလ္လာ၊ Apron & Drain အပါအဝင်) | ၁,၁၁၂.၇၆၀ |
| ၂၃ | **ဆေးတက္ကသိုလ်၊ တောင်ကြီး** သင်ကြားရေး(၄)ထပ်စာသင်ဆောင်ဆောက်လုပ်ခြင်း (၁၆၂×၆၅×၅၀) ပေ RC (အတွင်း၊ ရေ၊ မီး၊ မိလ္လာ၊ Apron &Drain အပါအဝင်) (Sound Proff)အပါ | ၉၀၀.၀၀၀ |
| ၂၄ | **ဆေးတက္ကသိုလ်၊ တောင်ကြီး** ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း | ၆၁၆.၇၅၂ |
| ၂၅ | **ဆေးသုတေသနဦးစီးဌာန**၊ သုတေသနလုပ်ငန်းများအတွက် လိုအပ်သော ဓါတ်ခွဲခန်းသုံး စက်ကိရိယာ ပစ္စည်းများဝယ်ယူခြင်း | ၁,၂၀၂.၄၅၅ |
| ၂၆ | ဆေးသုတေသနဦးစီးဌာန၏ဌာနခွဲအသီးသီးအတွက်လိုအပ်သောရုံးသုံးစက်ကိရိယာပစ္စည်းများ(ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများအပါအဝင်)နှင့်ရုံးသုံး/ဓါတ်ခွဲခန်းသုံးပရိဘောဂများဝယ်ယူခြင်း | ၂၆၂.၁၉၅ |
| ၂၇ | ဆေးသုတေသနဦးစီးဌာန(ပြင်ဦးလွင်ရုံးခွဲ)တွင် Research Training Center ဆောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်း | ၃,၁၅၇.၁၀၀ |
| ၂၈ | သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ပြင်ပသုတေသီများသို့ ထောက်ပံ့ကြေးများပေးခြင်း | ၃,၀၀၀.၀၀၀ |
| ၂၉ | **တိုင်းရင်းဆေးပညာဦးစီးဌာန** လက်အောက်ရှိဆေးရုံ၊ ဆေးခန်းများအတွက် ဆေးဝါးများထုတ်လုပ်ရန်၊ ရန်ကုန်စက်ရုံနှင့် မန္တလေးစက်ရုံတွင်ပရဆေးကုန်ကြမ်းများဝယ်ယူခြင်း | ၃၉၃.၇၇၃ |
| ၃၀ | တိုင်းရင်းဆေးရုံ၊ ဆေးခန်းများဆောက်လုပ်ခြင်း | ၅၃၂.၃၇၄ |
| ၃၁ | ရုံးအဆောက်အဦးများဆောက်လုပ်ခြင်း | ၁၃၆.၈၀၆ |
| ၃၂ | ဝန်ထမ်းအိမ်ရာများဆောက်လုပ်ခြင်း | ၃,၆၄၃.၃၀၀ |
| ၃၃ | တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေးတွင်စာကြည့်တိုက်၊ ပြတိုက်၊ သုတေသနလုပ်ငန်းများ အဆင့်မြှင့်တင်ရန်(၄)ထပ်ဆောင် အဆောက်အဦးဆောက်လုပ်ခြင်း(၅၀%) | ၂၆၈.၈၀၀ |
| ၃၄ | အခြားတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း | ၁,၃၉၂.၅၄၅ |
| ၃၅ | တိုင်းရင်းဆေးပညာဦးစီးဌာန(ရုံးချုပ်)သုတေသနနှင့် ဓါတ်ခွဲခန်းတွင်အသုံးပြုရန်အတွက် စက်ပစ္စည်းများ ဝယ်ယူခြင်း | ၂၃.၈၇၅ |
| ၃၆ | **အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊** ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်း (ဆောင်ရွက်ဆဲ) အသုံးစရိတ်များ | ၅,၈၁၉.၁၁၂ |
| ၃၇ | အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်း (လုပ်ငန်းစီမံကိန်း) အသုံးစရိတ်များ | ၁,၇၈၉.၆၃၉ |

**ဇာစ်မြစ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်
# လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
# အသုံးစရိတ်မှကောက်နုတ်ချက်

(ကျပ်သန်းပေါင်း)

| | | |
|---|---|---|
| **ကလေးနှင့်လူငယ်စောင့်ရှောက်ရေးလုပ်ငန်း** | | |
| ၁ | လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်စာအုပ် ပုံနှိပ်ထုတ်ဝေခြင်းနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ရှင်းလင်းခြင်း | ၃၁.၀၀၀ |
| ၂ | လူငယ်ရေးရာစကားဝိုင်းဆွေးနွေးပွဲများ၊ လူငယ်ပွဲတော်များကျင်းပခြင်း၊လူငယ်ဆိုင်ရာ အသိပညာပေး သင်တန်းများ၊ လူငယ်ဖွံ့ဖြိုးရေးသင်တန်းများ ဖွင့်လှစ်ခြင်း၊ လူငယ်စင်တာများအတွက် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ အားကစားပစ္စည်းများ ထောက်ပံ့ခြင်း | ၁၄၆.၇၇၅ |
| ၃ | ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေစာအုပ်၊ ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာနည်း ဥပဒေစာအုပ်များ ထုတ်ဝေခြင်း | ၆၀.၀၀၀ |
| ၄ | ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကုလသမဂ္ဂကွန်ဗင်းရှင်းအကောင်အထည်ဖော်မှုပဥ္စမအကြိမ်နှင့် ဆဌမအကြိမ်နိုင်ငံအဆင့်ပူးတွဲအစီရင်ခံစာထုတ်ဝေခြင်း | ၁၀.၀၀၀ |
| ၅ | နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်/ မြို့နယ်များတွင် ကလေးသူငယ် အခွင့်အရေး များဆိုင်ရာ အစည်းအဝေးများကျင်းပ၍ ကလေးသူငယ်အခွင့် အရေးများ ဆုံးရှုံးမှုမရှိစေရေး ဆောင်ရွက် ခြင်း | ၈၃.၀၉၀ |
| ၆ | နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကလေးသူငယ် အခွင့် အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့နှင့် မြန်မာနိုင်ငံကလေးများနေ့ အခမ်း အနားအား မူလတန်းကြိုကျောင်းများတွင် ကျင်းပခြင်း | ၆၀.၀၀၀ |
| ၇ | ကလေးပျော်နေရာ (၂၀) ခု ဖွင့်လှစ်ခြင်း။ (ကချင်၊ ကရင်၊ ချင်း၊ ရခိုင်၊ ရှမ်း) | ၃၀.၀၀၀ |
| ၈ | မိခင်ဝိုင်း(၁၅၀၀)ဝိုင်းမှ ဝိုင်း(၂၅၀၀)ဝိုင်းအထိ တိုးချဲ့၍ ရပ်ရွာအတွင်းရှိ ကလေး သူငယ်များအား ရှေးဦး အရွယ်ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးမှုရရှိစေရန် ဆောင်ရွက်ပေးခြင်းနှင့် သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ခြင်း | ၅,၄၇၅.၀၀၀ |
| ၉ | တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း မိခင်ဝိုင်း (၁၀၀၀)ဝိုင်း တိုးချဲ့ဆောင်ရွက်၍ အသိပညာပေး သင်တန်းများ ဖွင့်လှစ်ခြင်း | ၁၉၅.၆၂၀ |
| ၁၀ | နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များတွင် အသက်(၆)လမှ(၃)နှစ် အရွယ်ကလေးပြုစုစောင့်ရှောက်သူများအတွက် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ခြင်း | ၁၉.၉၄၀ |
| ၁၁ | အန္တရာယ်ကျရောက်လွယ်သော ကလေးများအား လူမှုရေးနည်းလမ်းအရ ထောက်ပံ့ခြင်း၊ ကလေး သူငယ်ကာကွယ်စောင့်ရှောက်ရေး ဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ် အသိပညာပေး သင်တန်းဖွင့်လှစ်ခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်များတွင် ပရဟိတ Care Giver ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ခြင်း | ၄၆.၄၅၀ |
| ၁၂ | လူငယ်သင်တန်းကျောင်းများတွင် ထိန်းသိမ်းပြုစုစောင့်ရှောက်ထားသော ကလေးသူငယ်များ ဘဝရပ် တည်နိုင်ရေး၊ ပြန်လည်ထူထောင်နိုင်ရေးအတွက် အသက်မွေး သင်တန်းဖွင့်လှစ်ပေးခြင်း | ၆၀.၀၀၀ |
| ၁၃ | နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်များရှိ ကိုယ်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများ၊ ဌာနတွင်း မူလတန်းကြိုကျောင်းများ၊ မိခင်ဝိုင်းများတွင် သင်ကြားနေသောဆရာမများအား ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာသင်တန်းပေးခြင်း၊ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဥပဒေအသိပညာပေးခြင်း | ၂၀၇.၀၁၅ |

## ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်
## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## အသုံးစရိတ်မှကောက်နုတ်ချက်(အဆက်)

(ကျပ်သန်းပေါင်း)

| | | |
|---|---|---|
| ၁၄ | ရပ်ရွာရှေးဦးအရွယ်ကလေးသူငယ် ဖွံ့ဖြိုးရေးအခြေအနေတိုင်းတာ စစ်ဆေးမှုနှင့် ပြန်လည် ထူထောင်ရေးဆိုင်ရာ ရွေ့ပြောင်းဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက် အကောင်အထည်ဖော်ခြင်း | ၄၂.၀၀၀ |
| ၁၅ | ကလေးသူငယ်များ ကလေးသူငယ်အခွင့်အရေးများ ရရှိရေးအတွက် နေပြည်တော် ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်များ၊ ခရိုင်/ မြို့နယ်များတွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာအသိပညာပေးသင်တန်း ဖွင့်လှစ်ခြင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခြင်း | ၁၅၈.၉၄၀ |
| ၁၆ | လူမှုဝန်ထမ်းဦးစီးဌာနမှ အသိအမှတ်ပြုပြီးသော စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ ဖြစ်သော ပရဟိတဂေဟာများ၊ ဘိုးဘွားရိပ်သာများသို့ ငွေကြေးထောက်ပံ့ပေးခြင်း | ၄,၇၂၇.၈၉၅ |
| **လူမှုကာကွယ်စောင့်ရှောက်ရေးအသုံးစရိတ်များ*** | | |
| ၁၇ | ထိခိုက်လွယ်အုပ်စုများအား လူမှုရေးနည်းလမ်းများအရ ထောက်ပံ့ကြေးပေးခြင်း | ၄၇၃.၀၀၀ |
| ၁၈ | အသက်(၈၅)နှစ်နှင့် အထက်သက်ကြီးရွယ်အိုများအား လူမှုရေးပင်စင်ထောက်ပံ့ခြင်း လုပ်ငန်းစဉ်ကို ဆောင်ရွက်ခြင်း | ၉,၁၅၀.၈၇၀ |
| ၁၉ | လူမှုအားမာန်အဖွဲ့(Inclusive Self-help Group-ISHG)၊ အဖွဲ့(၄၀၀)ဖွဲ့အား တစ်ဖွဲ့လျှင် ကျပ် (၁၀)သိန်းနှုန်းဖြင့် ထောက်ပံ့ခြင်း | ၄၀၀.၀၀၀ |
| | *လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ် ခေါင်းစဉ်အောက်ရှိ အမျိုးသမီးစောင့်ရှောက်ရေး လုပ်ငန်းအသုံးစရိတ်များကို **စာမျက်နှာ ၃၇ ရှိ ကျား၊မ တန်းတူညီမျှမှုကို အားပေးသည့် အသုံးစရိတ်ကောက်နုတ်ချက်** တွင် သီးခြားကောက်နုတ် ဖော်ပြထားပါသည်။ | |
| **ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန** | | |
| ၂၀ | မိုးကြိုကာလတွင်း ဖြစ်ပွားတတ်သောလေပြင်းတိုက်ခတ်မှုများကြောင့် ကျေးလက်ဒေသနေပြည်သူများ၏ အိမ်ရာများအမိုးလန်ခြင်း၊ အကာအရံများပြုတ်ထွက်ခြင်းတို့မှ ကာကွယ်ရန်နေအိမ်များကြံ့ခိုင်နိုင်ရေးအတွက်အားဖြည့်ပြင်ဆင်မှုများဆောင်ရွက်ရန်အတွက်လျာထားခြင်း၊ နွေရာသီကာလ သောက်သုံးရေရှားပါးပြတ်လတ်လေ့ရှိသော ဒေသများတွင်မူလရှိပြီးဖြစ်သော ရေတွင်း/ရေကန်ပြုပြင်ပေးခြင်း၊ သောက်သုံးရေများဝေငှခြင်း၊ အဝီစိတွင်းများတူးဖော်ပေးခြင်းတို့ဆောင်ရွက်ရန်လျာထားခြင်း၊ မိုးရာသီကာလများအတွင်း နိုင်ငံအဝှမ်းဖြစ်ပွားလေ့ရှိသော ရေကြီး/ရေလျှံမှုများကြောင့် ပြည်သူများအားရွှေ့ပြောင်းသယ်ယူခြင်း၊ အစားအစာရိက္ခာနှင့် ကယ်ဆယ်ရေး ပစ္စည်းများ လိုက်လံဖြန့်ဝေခြင်းတို့တွင် အသုံးပြုရန် ဒေသနှင့်ကိုက်ညီသော သစ်သားလှေ၊ ဖိုက်ဘာစက်လှေများ ထောက်ပံ့ခြင်း ဆောင်ရွက်ရန် လျာထားခြင်း၊ ရေကြောင်းအသုံးပြုသွားလာရသော တိုင်းဒေသကြီး/ပြည်နယ်များရှိ ကျောင်းသား/ ကျောင်းသူများကို ရေယာဉ် မတော်တဆဖြစ်ပွားမှုကြောင့် အသက်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် လူကြီးဝတ်နှင့် ကလေးဝတ် အသက်ကယ်အင်္ကျီများ ထောက်ပံ့ရန်လျာထားခြင်း၊ ရခိုင်၊ ရှမ်း၊ ကချင်၊ ကရင်ပြည်နယ်များရှိ အချို့သော IDP စခန်းများ၏ တည်ဆောက်မှု ကာလပေါ် မူတည်၍ ပြန်လည် ပြင်ဆင်မွမ်းမံရန် လိုအပ်သည့်အခါဖြစ်စေ၊ မမျှော်လင့်သောသဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးမှုများဖြစ်ပေါ်သည့်အခါတွင်ဖြစ်စေ၊ IDP စခန်းများပြုပြင်ဆောင်ရွက်ပေးရန်နှင့် စခန်းများရှိ မိသားစုများအတွက် လိုအပ်သည့်လူသုံးကုန်ပစ္စည်းများ၊ စခန်းတွင်း အများသုံးပစ္စည်းများ ထောက်ပံ့ပေးနိုင်ရန်၊ မြစ်ကမ်းပါးပြိုကျမှုများအတွက် မြေထိန်းနံရံ၊ ကမ်းထိန်းနံရံများ ပြုပြင်ပေးနိုင်ရေးအတွက် လျာထားခြင်း | ၁,၃၂၇.၈၀၀ |

## ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်
## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## အသုံးစရိတ်မှကောက်နုတ်ချက်(အဆက်)

(ကျပ်သန်းပေါင်း)

| | | |
|---|---|---|
| ၂၁ | ကချင်ပြည်နယ်ရှိ စစ်ဘေးရှောင်ပြည်သူများနေထိုင်သည့် ယာယီစခန်း(IDP) စခန်းများရှိ မိသားစုများ အနေဖြင့် မှီခိုမှုကင်းစွာဖြင့် ပုံမှန်လူနေမှုဘဝသို့ အမြန်ဆုံး ပြန်လည်ရောက်ရှိစေရေး၊ ရေရှည်တည်တံ့သော ပြန်လည်နေရာချထားရေးနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများဆိုင်ရာ အခွင့်အလမ်းဖော်ထုတ်ပေးနိုင်ရေး၊ စီးပွားရေးလုပ်ငန်းများ အခြေမကျသေးမီ လတ်တလောအထောက်အပံ့ ဖြစ်စေရေးအတွက်စားနပ်ရိက္ခာ(၁)လစာ (ဆန်ရိက္ခာကို လူဦးရေအလိုက်၊ ဆီ၊ ဆား၊ ပဲ၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်များကို အိမ်ထောင်စုအလိုက်) ထောက်ပံ့ပေးသွားနိုင်ရေးတို့အတွက် လျာထားခြင်း၊ ရခိုင်ပြည်နယ်သို့ ပြန်လည်ဝင်ရောက်လာသူများအတွက် ပြန်လည်လက်ခံရေးစခန်း (၃)ခုတွင် ချက်ပြုတ်ကျွေးမွေးရန်အတွက်လည်းကောင်း၊ ယာယီကြားစခန်းတွင်ခေတ္တနေထိုင်စဉ် ကာလအတွင်း မိသားစုအလိုက် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ထောက်ပံ့ရန် လျာထားခြင်း၊ ထိုင်းနိုင်ငံရှိ ဒုက္ခသည် စခန်းများမှ မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများအတွက် စားစရိတ်နှင့် ခရီးမိုင် အနီးအဝေးပေါ် မူတည်၍ အမှန်ကုန်ကျသော ပြည်တွင်း ခရီးစရိတ်များ ထောက်ပံ့ နိုင်ရန်လျာထားခြင်း၊ လေပြင်း ဘေးဒဏ်ခံနိုင်ရည်ရှိသော အဆောက်အဦများဖြစ်စေရေး အတွက် ဝါး၊ သံ၊ သွပ်နန်းကြိုး၊ နီး၊ ကြိုးခွေ၊ ကျင်တွယ်၊ အာလိန် စသည့် ပစ္စည်းများ ထောက်ပံ့နိုင်ရန် လျာထားခြင်း | ၁၀,၅၉၄.၉၅၀ |
| ၂၂ | ဘေးအန္တရာယ်များဖြစ်ပွားလာပါက ဘေးသင့်ပြည်သူများအား လတ်တလော သက်သာချောင်ချိရေးအတွက် အစားအစာရိက္ခာနှင့် ကယ်ဆယ်ရေး အိမ်သုံးပစ္စည်းများကို အမြန်ဆုံး ထောက်ပံ့နိုင်ရန်ရည်ရွယ်၍ ဘေးဖြစ်ပွားမှု များပြားသော ခရိုင်/ မြို့နယ်များတွင် သိုလှောင်ရုံများ ဖွင့်လှစ်ကာ ကယ်ဆယ်ရေးပစ္စည်းများ သိုလှောင်ထားရှိပါသည်။ ဗဟိုသိုလှောင်ရုံ (ရန်ကုန်မြို့၊ မန္တလေးမြို့) အပါအဝင်တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်များရှိ သိုလှောင်ရုံ (၁၁၄)ခုတွင် အနည်းဆုံး သိုလှောင်ရန်သတ်မှတ်ထားသည့် အရေအတွက်မှာ(၈၂၅၅၀) အိမ်ထောင်စုဖြစ်ပြီး လက်ရှိ သိုလှောင်ရုံပစ္စည်းလက်ကျန်မှာ (၆၅၀၀၀)အိမ်ထောင်စုသာ ကျန်ရှိသည့်အတွက် သတ်မှတ် အိမ်ထောင်စာ ပြည့်မီနိုင်ရေးဖြည့်တင်းနိုင်ရန် လျာထားခြင်း | ၂,၃၈၃.၅၀၀ |
| **ပြန်လည်ထူထောင်ရေးဦးစီးဌာန** | | |
| ၂၃ | ကျိုင်းတုံမူးယစ်ပြန်လည်ထူထောင်ရေးစခန်းတွင် တောင်ပေါ်ဒေသမှကျောင်းနေရန်ခက်ခဲသော ဆင်းရဲနွမ်းပါးကျောင်းသား(၅၀)ဦး၊ ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလအထိ ရက်ပေါင်း(၂၀၃) ရက်အတွက် ပညာသင်စရိတ်လျာထားတောင်းခံခြင်း | ၃.၉၃၈ |
| ၂၄ | ပြန်/ထူစခန်း( ၁၀ )ခုမှ သင်တန်းဆင်းသင်တန်းသား(၃၀)ဦး (၁၂)လစာအတွက် လျာထားတောင်းခံခြင်း | ၁၈.၀၀၀ |
| ၂၅ | နောက်ဆက်တွဲ စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေသော စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်း(၂၀)သင်းအား ထောက်ပံ့ပေးရန် လျာထားတောင်းခံခြင်း | ၂၀.၀၀၀ |
| ၂၆ | အရပ်ဖက်အဖွဲ့အစည်းများမှမူးယစ်ဆေးစွဲသူများအားမူးယစ်ဆေးဖြတ်ကုသခြင်းနှင့်ပြန်လည် ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပေးနေသော အဖွဲ့အစည်း(၂၀)ဖွဲ့အား ထောက်ပံ့ပေးရန် လျာထားတောင်းခံခြင်း | ၂၀.၀၀၀ |

## ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်
## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## အသုံးစရိတ်မှကောက်နုတ်ချက်(အဆက်)

(ကျပ်သန်းပေါင်း)

| | | |
|---|---|---|
| ၂၇ | မူးယစ်ပြန်လည်ထူထောင်ရေးစခန်းများအတွက် စခန်းအခြေပြု၊ စခန်းနှင့်ရပ်ရွာအခြေပြုနှင့် ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေးသင်တန်းများ၊ ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်သင်တန်းများ၊ မူးယစ်ဆိုးကျိုးအန္တရာယ်နှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းအသိပညာပေးဟောပြောပွဲများ၊ စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူး သင်တန်းများအတွက် တွက်ချက်လျာထားတောင်းခံခြင်း၊ | ၂၆၆.၃၈၇ |
| ၂၈ | လူကုန်ကူးခံရသူများအား တစ်ဦးချင်းလိုအပ်ချက်များကို အကဲဖြတ်၍ ထောက်ပံ့ကြေးပေးရန် လိုအပ်သူများအားတစ်ဦးလျှင် ကျပ်(၁၀)သိန်းထက်မပိုသော နှုန်းထားများဖြင့် ဝင်ငွေရလုပ်ငန်းများအတွက် ထောက်ပံ့ ပေးနိုင်ရန်လျာထားတောင်းခံခြင်း။ | ၁၀၀.၀၀၀ |
| ၂၉ | မြန်မာရွှေ့ပြောင်းအလုပ်သမားများအနက် ရပ်တည်ရန် ခက်ခဲသည့် အခြေအနေရှိသူများ၏ ပြန်လည်ထူထောင်ရေးအတွက် တစ်ဦးချင်း လိုအပ်ချက်များအရ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် တစ်ဦးလျှင်ကျပ်(၁၀)သိန်းထက်မပိုသော နှုန်းထားများဖြင့် ဝင်ငွေရလုပ်ငန်းများအတွက် ထောက်ပံ့ပေးနိုင်ရန် လျာထားတောင်းခံခြင်း။ | ၃၀.၀၀၀ |
| ၃၀ | ပြည်ပနိုင်ငံများရှိ အကျဉ်းထောင်များတွင် အဆုံးစွန်ပြစ်ဒဏ်ကျခံနေသည့် မြန်မာနိုင်ငံသား အကျဉ်းသားများကို ထောက်ပံ့ပေးနိုင်ရန်လျာထားတောင်းခံခြင်း။ | ၁၀.၀၀၀ |
| ၃၁ | တပ်မတော်မှ နုတ်ထွက်ခွင့်ရရှိသော ကလေးများ၏ ငွေရလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တစ်ဦးလျှင် ကျပ်(၁၀)သိန်း နှုန်းဖြင့် ထောက်ပံ့နိုင်ရန် လျာထားတောင်းခံခြင်း။ | ၃၀.၀၀၀ |
| ၃၂ | မသန်စွမ်းသူများ ရပ်ရွာအတွင်းအများနည်းတူ သွားလာပါဝင်နိုင်ရေး သုံးသပ် ဆွေးနွေးပွဲ နေပြည်တော်တွင်(၁)ကြိမ်၊ မသန်စွမ်းသူများ ရပ်ရွာအတွင်း အများနည်းတူ အလွယ်တကူ သွားလာပါဝင်နိုင်ရေး အသိပညာပေးသင်တန်းအား တိုင်းဒေသကြီး/ ပြည်နယ်(၁၅)ခုတွင် (၁၅)ကြိမ်၊ လက်သင်္ကေတပြ ဘာသာစကား အသိပညာပေး သင်တန်း(၁၅)ကြိမ်၊ မသန်စွမ်း သူများ အကျုံးဝင် သဘာဝဘေးအန္တရာယ် အမျိုးမျိုးအတွက် အသိပညာပေး သင်တန်းများဆောင်ရွက်ခြင်း(၂)ကြိမ်၊ မသန်စွမ်းကလေးများ ပညာသင်ယူမှု တိုးတက်ကောင်းမွန်စေရေးအတွက် ပညာရေးဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးခြင်းအတွက်(၂)ကြိမ်၊ ရပ်ရွာအတွင်းမသန်စွမ်းသူများပြုစု စောင့်ရှောက်ရေး အသိပညာပေးသင်တန်းတို့ကို တိုင်းဒေသကြီး / ပြည်နယ်တွင် (၅)ကြိမ်နှင့် မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်း၊ မသန်စွမ်းသူများ မှတ်ပုံတင်ဆောင်ရွက်ခြင်းတို့အတွက်(၂)ကြိမ် နှင့်မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေနှင့် နည်းဥပဒေ အသိပညာပေးသင်တန်းများ နေပြည်တော်တွင်(၁)ကြိမ်ပြုလုပ်ခြင်းတို့အတွက် လျာထား တောင်းခံခြင်း၊ | ၈၄.၀၂၀ |
| ၃၃ | မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ လမ်းပေါ်နေကလေးများ၊ အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများ ပြန်လည်ထူထောင်ရေး ထောက်ပံ့ခြင်းအတွက် လျာထားတောင်းခံခြင်း၊ | ၈၂၀.၀၀၀ |
| ၃၄ | တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ မိုင်းထိခိုက်ဒဏ်ရာရှိသူများအား တစ်ဦးလျှင် ကျပ်၂၀၀,၀၀၀/- နှုန်းဖြင့် ထောက်ပံ့ကြေးပေးအပ်ရန် လျာထားတောင်းခံခြင်း၊ | ၂၀.၀၀၀ |
| ၃၅ | မိုင်းအန္တရာယ်ခံစားရသောတိုင်းဒေသကြီး/ပြည်နယ်များတွင်(ကချင်၊ ကယား၊ကရင်၊ ရှမ်း(မြောက်))တို့ရှိ ပြည်သူများအား အသိပညာပေးနိုင်ရန် မိုင်းအန္တရာယ်အသိပညာပေးသင်တန်းများ တစ်နှစ်လျှင် (၄) ကြိမ်စီဖြင့် ကျင်းပရန်တွက်ချက်လျာထား တောင်းခံခြင်း၊ | ၁.၆၀၀ |

ဇာစ်မြစ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန




Cartoon :Nyo Ko Naing ( Katha )

၂၀၁၇–၂၀၁၈ ခု ၊ ဘဏ္ဍာရေးနှစ် မှ စတင်၍ အသက်(၉၀) နှင့် အထက် သက်ကြီးရွယ်အိုများအား လူမှုရေးပင်စင်ခံစားခွင့်ရှိသူများအဖြစ် သတ်မှတ်ထားရာမှ ၂၀၁၈–၂၀၁၉ ခု ၊ ဘဏ္ဍာရေးနှစ်တွင် အသက်(၈၅)နှင့် အထက် သက်ကြီးရွယ်အိုများအထိ လူမှုရေးပင်စင်ခံစားခွင့်ရှိသူများအဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ပြီး နိုင်ငံတော်မှ ယနေ့တိုင် တစ်လလျှင် ၁၀၀၀၀ကျပ်(ကျပ်တစ်သောင်းတိတိ) ထောက်ပံ့ပေးလျက်ရှိပါသည်။

# Gender Informed Budgeting for Social Sector

၂၀၂၀ - ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသုံးစရိတ်မှ
ကျား၊မတန်းတူညီမျှမှုကို အားပေးသည့် အသုံးစရိတ်ကောက်နုတ်ချက်




Cartoon : Nyo Ko Naing ( Katha )

# ကျား၊မ တန်းတူညီမျှရေး

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ၁၉၉၅ ခုနှစ်တွင် တရုတ်နိုင်ငံ၊ ဘေဂျင်းမြို့၌ ကျင်းပခဲ့သည့်(၄)ကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံ၏ သဘောတူကြေညာချက်ကို အခြေခံ၍ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေး ဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် (Convention on the Elimination of all form of Discrimination against Women-CEDAW)ကို ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ (၂၂)ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ CEDAW ကို သဘောတူညီသည့် နိုင်ငံဖြစ်သည်နှင့်အညီ အမျိုးသမီးများ၏အခွင့်အရေးများ အပြည့်အဝရရှိရေး၊ ကျား၊မရေးရာ တန်းတူညီမျှရေးတို့ကို ဆောင်ရွက်ခဲ့ပြီး လက်ရှိလည်း ဆောင်ရွက်လျက်ရှိပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၇ တွင် "နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေ အရာတွင် တန်းတူညီမျှအခွင့်အရေး ရရှိစေရမည်။ ထို့ပြင် ဥပဒေ၏ အကာအကွယ် ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့် ပေးရမည်" ဟူ၍ လည်းကောင်း၊ ပုဒ်မ ၃၄၈ တွင် "နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသား ကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာ တို့ကို အကြောင်းပြု၍ ခွဲခြားမှုမရှိစေရ" ဟူ၍ လည်းကောင်း၊ ပုဒ်မ ၃၅၀ တွင် "အမျိုးသမီးများသည် တူညီသောအလုပ်အတွက် အမျိုးသားများခံစားခွင့်ရှိသော အခွင့်အရေးနှင့်လစာတို့ကို ခံစားခွင့်ရှိသည်" ဟူ၍လည်းကောင်း၊ ပုဒ်မ ၃၅၂ တွင် "နိုင်ငံတော်သည် အလုပ်အကိုင်ခန့်ထားရာတွင်ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းရွေးချယ် တာဝန်ပေးအပ်ရာတွင်ဖြစ်စေ သတ်မှတ်သော အရည်အချင်းနှင့် ပြည့်စုံပါကပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာသာသနာ၊ အမျိုးသား၊ အမျိုးသမီးကို အကြောင်းပြုလျက် ရာထူးရွေးချယ်ခန့်ထားခြင်းကိုခွဲခြားမှုမပြုရ။ သို့ရာတွင် အမျိုးသားများနှင့်သာ လျော်ကန် သင့်မြတ်သည့် ရာထူးတာဝန်များအတွက် အမျိုးသားများအားရွေးချယ်ခန့်ထားခြင်းကို ဤပုဒ်မအရအဟန့်အတားမဖြစ်စေရ" ဟူ၍ လည်းကောင်း၊ ပုဒ်မ၃၆၈တွင် "နိုင်ငံတော်သည်ပညာရည်ထူးချွန်သော နိုင်ငံသားများအားလူမျိုး၊ ကိုးကွယ်ရာဘာသာ၊ အမျိုးသား၊ အမျိုးသမီးခွဲခြားမှုမထားရှိဘဲ ယင်းတို့၏အရည်အချင်းအလိုက် ချီးမြှောက်ထောက်ပံ့မည်"ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားပါသည်။

ထို့ပြင် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ(ဠ)တွင် "အမျိုးသမီးဝန်ထမ်းဖြစ်ပါက တူညီသော အလုပ်အတွက် အမျိုးသား ဝန်ထမ်းများနည်းတူ အကျိုးခံစားခွင့်အပြင် မီးဖွားခြင်းဆိုင်ရာ အကျိုးခံစားခွင့်" ဟူ၍ ပြဋ္ဌာန်းထားပါသည်။

နိုင်ငံတော်အနေဖြင့် အမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်များ ပိုမိုတိုးတက်လာစေရေးအတွက် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်း(၂၀၁၃-၂၀၂၂)ကို ရေးဆွဲအကောင်အထည် ဖော်လျက်ရှိပါသည်။ အမျိုးသမီးများအပေါ်အကြမ်းဖက်မှု ဥပဒေမူကြမ်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနမှ ဦးဆောင်ရေးဆွဲပြီး လွှတ်တော်သို့ အတည်ပြုနိုင်ရန် ပေးပို့ထားပါသည်။

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(၂၀၁၈-၂၀၃၀) ပန်းတိုင်၂၊ မဟာဗျူဟာ၂.၄၊ လုပ်ငန်းစဉ် ၂.၄.၇ တွင် "ကျား၊မတန်းတူညီမျှမှုကို အားပေးစေနိုင်မည့် ရသုံးခန့်မှန်းခြေငွေစာရင်းတစ်ခုအဖြစ် ပုံပေါ်လာစေရေး ပေါင်းစည်းဆောင်ရွက်ရန်"ဟူ၍ဖော်ပြထားပြီးနိုင်ငံတော်အနေဖြင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၀ ပြည့်နှစ် မြန်မာနိုင်ငံ၏ အစိုးရအသုံးစရိတ်နှင့်ဘဏ္ဍာရေး တာဝန်ခံမှုလေ့လာသုံးသပ်ချက် (Public Expenditure and Financial Accountability Assessment-PEFA)စာစောင်၏ နောက်ဆက်တွဲ ၇ တွင်လည်းမြန်မာနိုင်ငံ၏ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်တွင် ကျား၊မ ဘတ်ဂျက် ရေးဆွဲခြင်းဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့်စပ်လျဉ်းသည့် လက်ရှိဆောင်ရွက်မှု အခြေ အနေများကို ဖော်ပြထားပါသည်။

နိုင်ငံတော်အနေဖြင့် ကျား၊မတန်းတူညီမျှရေးဆိုင်ရာ နိုင်ငံတော်ရည်မှန်းချက်များကို အောင်မြင်စေရန် ဆောင်ရွက်နေမှု များကိုလည်းကောင်း၊ ကျား၊မတန်းတူညီမျှရေးအတွက် ပြည်သူ့ဘဏ္ဍာငွေများကို အသုံးပြု၍ ဆောင်ရွက်နေမှုများကို လည်းကောင်း ပြည်သူများသိရှိနိုင်စေရန် ရည်ရွယ်၍ ကျား၊မတန်းတူညီမျှရေး ဘတ်ဂျက်ဆိုင်ရာ ကနဦးဖော်ပြချက်အနေဖြင့် တစ်ဖက်ပါအတိုင်း ကောက်နုတ်ဖော်ပြအပ်ပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် စုစုပေါင်းအသုံးစရိတ်တွင် ယခုတင်ပြသည့် ကျား၊မ တန်းတူညီမျှရေးဆိုင်ရာ အသုံးစရိတ် ကောက်နုတ်ချက်မှာ ၄၂.၃၃ % ရှိပါကြောင်း တင်ပြအပ်ပါသည်။

## ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်
## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## အသုံးစရိတ်မှ ကျား၊မ တန်းတူညီမျှမှုဆိုင်ရာ အသုံးစရိတ်ကောက်နုတ်ချက်

(ကျပ်သန်းပေါင်း)

| အမျိုးသမီးများအပေါ် အကြမ်းဖက်မှုလျှော့ကျရေး | | |
|---|---|---|
| ၁ | အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေး နည်းဥပဒေရေးဆွဲရေးညှိနှိုင်း အစည်းအဝေး (၅)ကြိမ်ကျင်းပခြင်း | ၀.၅၀၀ |
| ၂ | ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ (ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ) အစည်းအဝေး (၁)နှစ်လျှင် (၂) ကြိမ် ကျင်းပခြင်း | ၀.၆၀၀ |
| ၃ | ပဋိပက္ခအတွင်းအမျိုးသမီးများအား အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ (ပဋိပက္ခအတွင်းလိင်အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းကော်မတီ) အစည်းအဝေး(၁)နှစ်လျှင် (၄)ကြိမ်ကျင်းပခြင်း | ၀.၈၀၀ |
| ၄ | စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်၊ လူမှုရေးအသင်းအဖွဲ့များ၊ INGOs, NGOs များအား အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေ အသိပညာပေး ဟောပြောပွဲများကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အပါအဝင်တိုင်းဒေသ ကြီး/ ပြည်နယ် (၁၅)ခုတွင် (၁) ကြိမ်စီ ကျင်းပခြင်း | ၄.၅၀၀ |
| ၅ | တိုင်းဒေသကြီး/ပြည်နယ်နှင့်ခရိုင်ဦးစီးမှူးများအား အမျိုးသမီးများအပေါ်အကြမ်းဖက်မှုတားဆီးကာကွယ်ရေး ဥပဒေ အသိပညာပေးရှင်းလင်းခြင်းအား နေပြည်တော်(ရုံးချုပ်)တွင် (၁)ကြိမ် ကျင်းပခြင်း | ၂.၄၄၆ |
| ၆ | တိုင်းဒေသကြီး/ပြည်နယ် အမျိုးသမီး ကော်မတီဝင်များအား အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီး ကာကွယ်ရေးဥပဒေ၊ နည်းဥပဒေအသိပညာပေး ဟောပြောပွဲများကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် (၁၅) ခုတွင် ပြုလုပ်ခြင်း | ၄.၅၀၀ |
| ၇ | ခရိုင်နှင့်မြို့နယ်အမျိုးသမီးကော်မတီဝင်များအား အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေး ဥပဒေ၊ နည်းဥပဒေ အသိပညာပေးဟောပြောပွဲများကို ခရိုင် (၇၄) ခရိုင် နှင့် မြို့နယ်(၃၃၀) မြို့နယ်တွင် ပြုလုပ်ခြင်း | ၄၈.၉၀၀ |
| ၈ | အမျိုးသမီးများအပေါ်အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေ စာအုပ်(၈,၀၀၀)အုပ် ထုတ်ဝေခြင်း | ၄၈.၀၀၀ |
| ၉ | အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေနှင့် နည်းဥပဒေအား ပြည်သူလူထု အသိပညာပေးရန် ပိုစတာ၊ လက်ကမ်းစာစောင်များ ပုံနှိပ်ထုတ်ဝေခြင်း | ၂.၅၀၀ |
| ၁၀ | အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး(၁၆)ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ် အခမ်းအနား ကျင်းပခြင်း (နေပြည်တော်) | ၇.၇၃၀ |
| ၁၁ | အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး(၁၆)ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ် လူထုလမ်း လျှောက်ပွဲ ကျင်းပခြင်း | ၃.၅၀၀ |
| ၁၂ | အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ် အခမ်းအနားအား ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်မှအပ ကျန်တိုင်းဒေသကြီး/ပြည်နယ် (၁၄)ခုတွင် ကျင်းပခြင်း | ၇.၀၀၀ |
